www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ



# ယောက်ျားလေး လက်စွဲ | မိန်းကလေး လက်စွဲ

ကြည်လင်အေး

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# ယောက်ျားလေးလက်စွဲ
# မိန်းကလေးလက်စွဲ

ကြည်လင်အေး

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းသရုပ်ဖော်ပုံများ
အောင်ပီကျယ်

# ယောက်ျားလေးလက်စွဲ မိန်းကလေးလက်စွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၁၁၀၉၀၉ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၂၅၁၁၀၉ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက် (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်မြို့ ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ တွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

၁၇၄

ကြည်လင်အေး
ယောက်ျားလေးလက်စွဲ မိန်းကလေးလက်စွဲ / ကြည်လင်အေး - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ ၂၀၀၉။
စာမျက်နှာ ၂၂၈ မျက်နှာ ၁၀.၅ စင်တီ x ၁၆.၅ စင်တီ
(၁) ယောက်ျားလေးလက်စွဲ မိန်းကလေးလက်စွဲ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


(က) ကျားနဲ့မတို့ 'ချစ်ဆိပ်'တက်ချိန် ၁

❤ အချစ်စိတ်ဝင်နေတဲ့ ယောကျ်ားလေးတွေရဲ့ အမူအရာ သင်္ကေတလေးတွေ ၂

❤ ကွယ်ဝှက်လို့မရအောင်ဖြစ်တတ်တဲ့ ကိုရွှေယောကျ်ားလေးများရဲ့ အချစ်ဆိပ်တက်ချိန် ၁၆

❤ သူမ သဘောကျနေတယ်ဆိုတာ သင်သိနိုင်ပါတယ်။ ၂၈

(ခ) ချစ်စကားခွန်းချို ဆိုရမည့်အချိန် ၃၈

❤ မရိုးနိုင်တဲ့အဖိုးတန်စကားလေး 'ချစ်တယ်' (အချစ်စိတ်တွေကို နွေးနေအောင် နွေးခြင်း) ၃၉

❤ အချစ်စိတ်နဲ့ အချစ် (သင်နားလည်တဲ့အချစ်ဆိုတာနဲ့ ကိုက်ညီပါရဲ့လား) ၅၆

❤ ချစ်စကားခွန်းချိုဆိုမည့်အချိန် ၆၇


www.burmeseclassic.com

www.burmeseclassic.com



❤ တွေးတွေးဆဆ ပြီးမှဆိုလေ စကားချိုချိုတွေ
[Points to Ponder before saying
I love you] ၆၈

❤ အကောင်းဆုံးချစ်စကားဆိုဖို့
အကောင်းဆုံးအချိန်နေရာတွေ
ပြင်ဆင်ကြစို့
[How to say I love you
in a Special Way] ၇၂

(ဂ) သူမအတွက် ခင်ဗျား လုပ်ပေးဖို့
ကောင်းတာတွေ ၇၉

❤ သူမအတွက် ခင်ဗျားလုပ်ပေးဖို့
ကောင်းတာတွေ
(အံ့ဩလောက်အောင်ထိရောက်တဲ့
အချက် ၁၀ ချက်) ၈၀

❤ အမျိုးသမီးတွေမျှော်လင့်လိုလားကြတဲ့
ယောကျ်ားပီသသူဆိုတာ
[10 Ways to be the Man Women Want] ၉၆

❤ တစ်စုံတစ်ယောက်က သင့်ကို မုသားပြော
လိမ်ညာစကားဆိုတဲ့အခါ ၁၁၁

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ယောက်ျားလေး လက်စွဲ ၁၁၈

❤ မိန်းကလေးရှေ့မှာ သိပ်မှားကြတဲ့
ယောက်ျားလေးတွေရဲ့ အပြုအမူများ ၁၁၉

❤ မိန်းကလေးက သင့်ကို သတိရနေစေမယ့်
နည်းလမ်းအသွယ်သွယ် ၁၃၄

❤ ကိုယ်ဟာ စိတ်ပျက်ဖယ်ခွာစရာ ကောင်း
နေသူဟုတ် မဟုတ် ကိုယ်တိုင်စိစစ်ကြစို့ ၁၅၂

(င) မိန်းကလေး လက်စွဲ ၁၆၄

❤ ချစ်သူ၊ ခင်ပွန်း ယောက်ျားကို
အံ့အားသင့်ပျော်ရွှင်စေမယ့်
နည်းလမ်းကောင်း (၁၀) ချက် ၁၆၅

❤ ချစ်သူယောက်ျား
ပစ်ခွာသွားစေတဲ့အချက် ၈ ချက် ၁၈၄

❤ မိန်းကလေးတွေ
အမြဲကြားချင်နေတဲ့စကား ၇ ခွန်း ၁၉၇

❤ သင့်အဖော်အမျိုးသားအတွက်
သင့်ဘက်က ဆောင်ရန်၊ ရှောင်ရန် ၂၁၁

www.burmeseclassic.com


www.burmeseclassic.com

## (က) ကျားနဲ့မတို့ 'ချစ်ဆိုပ်' တက်ချိန်

- ♡ ချစ်စိတ်ဝင်နေတဲ့ ယောက်ျားလေးရဲ့အမူအရာ
- ♡ ယောက်ျားလေးတို့ ချစ်ဆိုပ်တက်ချိန်
- ♡ မိန်းကလေးတို့ ချစ်ဆိုပ်တက်ချိန်

www.burmeseclassic.com

www.burmeseclassic.com



## ၁ အကြည့်

မိန်းကလေးတွေ ကျောင်းမှာပဲဖြစ်ဖြစ်၊ ကုမ္ပဏီမှာပဲဖြစ်ဖြစ် အများကြီးရှိနေတဲ့အထဲက သင့်ကိုပဲ ဂရုတစိုက်ကြည့်ကြည့်နေရင် အဲဒါ သူ စိတ်ဝင်စားနေတာကိုဖော်ပြတဲ့ သင်္ကေတတစ်ခု။ ဒီအမူအရာကိုတော့ သင် အမိဖမ်းတတ်မှာပါ။

●

www.burmeseclassic.com

www.burmeseclassic.com

## ❤ အချစ်စိတ်ဝင်နေတဲ့ ယောက်ျားလေး တွေရဲ့အမူအရာ သင်္ကေတလေးတွေ

ဒီအချက်ကလေးတွေကို ထုတ်ပြောလိုက်တာက သေချာတဲ့စစ်တမ်းကလေးတွေကို အခြေပြုပြီး ပြောတာပါ။ ဒါပေမဲ့ အကဲခတ်ရတာက လူ့စိတ်လေ။ အဲဒီတော့ သိတယ်မဟုတ်လား။ တချို့ကလည်း အဆုံးသတ်မှာ ဟန်ဆောင်သွားတတ်တယ်။ ဘာပဲပြောပြော ဒီအမူအရာ သင်္ကေတလေးတွေ သင့်ရဲ့ဝန်းကျင်က အမျိုးသားတစ်ဦးဆီမှာ တွေ့နေပြီဆိုရင်တော့ သင့်ကို သူ့အတွင်းစိတ်က အချစ်စိတ်၊ အချစ်ဆိပ်တက်နေတာ အသေအချာပဲလို့ ပြောလို့ရတယ်နော်။ ကဲ . . . ဘယ်လိုသင်္ကေတလေးတွေ ဖြစ်လာမလဲ ကြည့်ကြရအောင်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၂ ရပ်ရင် ညာဘက်

ယောက်ျားလေးတွေမှာ တစ်ခါတလေ ဒွိဟစိတ်နဲ့ ဝေခွဲမရဘဲ ဟိုလိုလိုဒီလိုလို လုပ်တတ်တာလေးတွေ ရှိတယ်။ ဥပမာ သူ စိတ်ဝင်စားနေသူနဲ့ ကြုံကြိုက်လို့ လူထဲသူထဲသွားရတဲ့အခါ တစ်ခါတလေမှာ သူတို့က မိန်းကလေးရဲ့နောက်မှာ ချန်နေရစ်သလို၊ တစ်ခါတလေ မိန်းကလေးရဲ့ရှေ့က ဦးဆောင်နေပြန်ရော။ သေချာတယ်လို ဆိုနိုင်တာတစ်ခုက ယောက်ျားလေးတွေဟာ သူတို့စိတ်ဝင်စားတဲ့သူနဲ့ လူထဲသူထဲ ယှဉ်ရပ်ရမယ်ဆိုရင် သင့်ရဲ့ညာဘက်မှာ သူတို့အမြဲရပ်လေ့နေရာယူလေ့ ရှိတတ်တယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၃ ကျေနပ်ဝမ်းသာနေစေချင်

သင့်ကိုချစ်နေတဲ့ ယောက်ျားလေးဟာ သင် ကျေနပ်နှစ်သက်တာလေးတွေ၊ အံ့ဩဝမ်းသာဖြစ်စေတာလေးတွေ ဖန်တီးပေးနေတတ်တယ်။ လွယ်လွယ်တွေ့ရတတ်တာက ပန်းကလေးတွေပေးတာ၊ ပို့စကတ်လှလှလေးတွေပေးတာ၊ ဒါမှမဟုတ် ပန်းအိုးကလေးတွေ၊ ဒါမှမဟုတ် နောက်နောက်ပြောင်ပြောင် အရုပ်ကလေးတွေပေးတာ၊ သီချင်းတိတ်ခွေလေးတွေ၊ စီဒီကလေးတွေပေးတာဆိုတာမျိုးပေါ့။ တချို့ကျတော့လည်း သင် ဘာကိုကျေနပ်ပျော်ရွှင်တတ်သလဲ ရှာရှာဖွေဖွေလေ့လာပြီး အကြိုက်ဆောင်ပေးတယ်။ ဥပမာ music concert သွားတာ၊ ပျော်ပွဲစားထွက်တာ၊ ရုပ်ရှင်ကြည့်တာ၊ Shopping Mall သွားတာမျိုးလေးတွေကို ဂရုတစိုက် လိုက်လုပ်ပေးနေတာမျိုးပေါ့။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၄ ဖြောင့်မတ်

သင်နဲ့ပတ်သက်ရင် ဆင်ခြေပေး လှည့်ဖျားတာမျိုး မလုပ်ဘဲ အမှန်ကိုသာ ပြောပြတတ်သူဆိုရင် သူဟာ သင့်ကို အလေးအနက်ရှိနေပြီ။ သင် နည်းနည်းကလေး သတိထားကြည့်လိုက်။ သူဟာ သူ့ခံစားချက်၊ သူ့ရင်ထဲ ရှိနေတာတွေကို သင့်ကို မကြာခဏပြောပြ၊ ရင်ဖွင့်ပြနေတတ်လိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com




## ၅ မွေးနေ့သတိရ

သင့်မွေးနေ့ကို သူ အမြဲအမှတ်တရ ရှိနေတတ်တယ်။ သင့်မွေးနေ့ရောက်ရင် သူက အချိန်ပေးဖို့ အမြဲအသင့်ပဲ။ သူဟာ သင့်ကို တကယ်စိတ်ဝင်စားနေပြီလေ။

www.burmeseclassic.com




## ၆ အရာရာခွင့်လွှတ်

သူ့မိုဘိုင်းဖုန်းက သင်နဲ့သူဆုံတုန်း မြည်လာတဲ့ အခါ သင်က ကြားကနေဝင်ယူပြီးပြောတာ၊ ဖြေတာ တွေလုပ်ရင်လည်း သူက ခွင့်ပြုတယ်၊ ပြုံးနေတယ်၊ ကျေနပ်နေတယ်ဆိုရင် ဒါဟာလည်း သိပ်သေချာတဲ့ သင်္ကေတတစ်ခုလို့သာမှတ်ပါ။ သူက သင့်ကို သိပ်ချစ် နေပြီ။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၇ ကူညီ

သင့်ခေါင်းက ဆံညှပ်ကလစ်လေးတွေရဲ့ စောင်းနေတာကနေ သင့်အခန်းက အမှိုက်ထုပ်ကို ကူပစ်ပေးချင်တာ၊ ထီးတွေ၊ ထမင်းချိုင့်တွေကို (မျက်နှာထားက တည်နေပေမယ့်) ဖွတ်ကူညီသယ်ပေးနေတာ၊ သင့်အသေးစိပ်ကိစ္စတွေ လိုက်ကူညီပေးချင်တာတွေအထိ ဒါတွေကလည်း ထင်ရှားတဲ့သင်္ကေတ၊ သိတယ်နော်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၈ မိတ်ဆက်

သင်နဲ့သူ ဆုံတဲ့အခါ သင့်မိသားစုအကြောင်း မကြာခဏ မေးမယ်။ သူ့မိသားစု ဒါမှမဟုတ် သူ့မိတ်ဆွေအသိုင်းအဝိုင်းနဲ့ သင့်ကို သိပ်တွေ့ပေးချင်၊ မိတ်ဆက်ပေးချင်နေမယ်။ ပန်းချီပြပွဲ၊ တေးဂီတပွဲနဲ့ ပျော်ပွဲစားလိုဟာတွေကို သူ သွားတဲ့အခါ သင်ပါ ပါစေချင်နေမယ်။ ဒါဆိုရင် သင်ဟာ သူ့အတွက် သိပ်ပြီး အရေးပါနေပြီ။ ယောက်ျားလေးဆိုတာ သူ့ဘဝမှာ အရေးပါတဲ့လူတွေဖြစ်တဲ့ မိတ်ရင်းဆွေရင်း လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းတွေနဲ့ တော်ရုံတန်ရုံ မိန်းကလေးကို မိတ်ဆက်ပေးတာမျိုး လုပ်ချင်ကြတာမဟုတ်ဘူး။

ကဲ . . . ကဲ . . . ဒါလေးတွေပါပဲ။ ဒါလေးတွေပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com

## ❤ ကွယ်ဝှက်လို့မရအောင်ဖြစ်တတ်တဲ့ ကိုရွှေယောက်ျားလေးများရဲ့ အချစ်ဆိပ်တက်ချိန်

မိန်းကလေးတစ်ယောက်ကို ရင်ခုန်ခံစားချစ်မိပြီဆိုရင် ကိုရွှေယောက်ျား တော်တော်များများဟာ ဟန်ဆောင်ဖုံးကွယ်ထားပါစေ သူ စိတ်လှုပ်ရှားခံစားနေတယ်ဆိုတာ ပေါ်နေတတ်ပါတယ်။ အဲဒီလိုအမူအရာတွေ လှုပ်ရှားမှုတွေက ဘာတွေလဲ။

●

www.burmeseclassic.com

www.burmeseclassic.com



## ၁ ချစ်မိပြီဆိုတာ သိစေတဲ့အခြင်းအရာ

အနာဂတ်အစီအစဉ်တွေ လုပ်စရာတွေ စဉ်းစားလိုက်တိုင်း 'သူကလေး'က အဲဒီအစီအစဉ်တွေထဲမှာ တွဲလျက်ပါနေတာ၊ 'သူကလေး'နဲ့ ဆက်စပ်နေတဲ့ အလုပ်ကိစ္စတွေကိုပဲ ရှေ့ဆက်လုပ်ဖို့ စဉ်းစားနေတာ၊ 'သူကလေး'နဲ့ အတူတကွ သွားလာလည်ပတ်ဖြစ်တဲ့ အခါ ဆက်ခါဆက်ခါ ဟိုသွားမယ် ဟိုပွဲဒီပွဲတွေ 'သူကလေး'နဲ့ နှစ်ယောက်သား ဆင်နွှဲမယ်ဆိုတာပဲ တွေးဖြစ်တာတွေဟာ သင် သူကလေးအပေါ် ချစ်မိနေတာတွေပေါ့။

●

www.burmeseclassic.com




၂ တခြားအရေးကြီးကိစ္စဆိုတာတွေဟာ သူကလေး နဲ့ယှဉ်လိုက်ရင် အားလုံးနောက်မှာပါ။

အရင်က ဘယ်လိုကိစ္စတွေကိုပဲ ဦးစားပေးနေရာမှာ ထားခဲ့ထားခဲ့ သူ့ကိုတွေ့ပြီးချိန်မှာ အားလုံးနောက်ကောက်ကျသွားပြီ။ 'သူကလေး'က ကော်ဖီဆိုင်ထိုင်ဖို့ပြောရင် အလုပ်တွေတောင်ပစ်ပြီး သွားဖို့ သင့်ဘက်က အသင့်။

www.burmeseclassic.com






## ၇ လိုက်လျောဖို့ သိပ်ပြောမနေရပါ။

နှစ်ယောက်တွေ့ဆုံတဲ့အခါ ကိုယ်စီရှိကြတဲ့ အစီအစဉ်တွေက တခြားစီတစ်လမ်းစီဖြစ်နေစေဦး၊ သူ့ဘက်က သိပ်တောင်းဆို ညှိနှိုင်းမနေဘဲ သင်က အမြဲ သူ့အစီအစဉ်နဲ့ အဆင်ပြေအောင် အလျှော့ပေး လိုက်လျောနေဖြစ်တာ။

www.burmeseclassic.com

www.burmeseclassic.com



## ၄ အမြဲ သူကလေးနဲ့တွေ့ဆုံ အချိန်ဖြုန်းရတာကို ပျော်နေတာ။

သူနဲ့တွေ့ဖို့သာ စဉ်းစားတယ်။ သူနဲ့တွေ့ဖို့ပဲ စီစဉ်တယ်။ တခြား ဘာမှ အဲဒါလောက် အရေးမကြီးတော့ဘူး။ လှပသာယာတဲ့ ညနေခင်းတိုင်း သူကလေးဆီက တီတီတာတာ စကားသံလေးတွေပဲ နားထောင်ရင်း လမ်းပဲလျှောက်ကြမလား၊ ခုံတန်းကလေးပေါ်ပဲ ထိုင်ကြမလား၊ အဲဒီလိုသာ အမြဲအချိန်ဖြုန်းချင်တဲ့အခါ။

www.burmeseclassic.com




## ၅ သူကလေးကလွဲရင် ဖွဲ့နဲ့ဆန်ကွဲဖြစ်နေတာ။

သင့်မျက်စိ သင့်ရင်ခုန်သံမှာ သူကလွဲရင် တခြားသူ နေရာမရှိ၊ သိပ်ချောသိပ်လှတဲ့ မိန်းမပျိုလေးတွေနဲ့ အလုပ်လုပ်ကိုင်နေသည့်တိုင် သင် အဲဒီအလှအပတွေကို သတိမမူမိပေဘူး။ အလွန့်အလွန်ဆုံး သင် ဂရုထားမိရင် သိပ်ပေလှတဲ့မိန်းမပျိုတွေဟာ 'သူကလေး' ရဲ့ ဘယ်အလှကိုတော့ မမီဘူး။ 'သူကလေး'က ဘယ်နေရာမှာ ပိုသာတယ်ဆိုတာပဲ သင် တွေးနေတတ်တာ။

●

www.burmeseclassic.com

www.burmeseclassic.com






## ၆ သင်နေလို့ထိုင်လို့ သိပ်ကောင်းနေပြီး သင့်မျက်လုံးတွေ တောက်ပနေမှာ။

သင့်ဆီမှာ ချစ်ဆိပ်ချစ်သွေးတွေ ပြည့်နေချိန်မှာ သင့်ခန္ဓာကိုယ်က ဓာတ်သဘာဝ မျှတနေပြီး သင့်မျက်ဝန်းမှာလည်း ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းလဲ့ပြာပြာ ဆိုလောက်အောင် တောက်ပနေမှာ၊ တက်ကြွလန်းဆန်း ဖျတ်လတ်နေမှာ သေချာပါရဲ့။

www.burmeseclassic.com




**၇** "သူကလေး"ရဲ့ ချစ်စရာကောင်းပုံတွေကိုပဲ သင် ရှာဖွေဖြစ်နေတာ။

အချိန်တိုင်း "သူကလေး"ရဲ့ အများမတူ တစ်မူထူးတယ်လို့ ယူဆရတာလေးတွေကို ရှာဖွေစဉ်းစားပြီး သင့်တစ်ယောက်တည်း ပြောမပြတတ်အောင် ကျေနပ်ပျော်ရွှင်နေတတ်တာ။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




## ၇ "သူကလေး"နဲ့ ပတ်သက်သမျှ

### သင် သိချင်၊ ပတ်သက်ချင်နေတတ်တာ။

ချစ်မိတဲ့အခါ "သူကလေး"အကြောင်း ဆံစမှ ခြေဖျားအဆုံး သင် သိချင်တော့တာ၊ သူ ဘာတွေးတယ်၊ သူ ဘာကြိုက်တယ်၊ သူ ဘာကိုနှစ်သက်တယ်၊ ဘာဟွေလုပ်ပေးရင် သူ ကျေနပ်မယ်။ ပြုံးပျော်မယ် ဆိုတာတွေအားလုံး သင် သိချင်၊ ဖြည့်ဆည်းပေးချင်နေ တော့တာ။

●

www.burmeseclassic.com

www.burmeseclassic.com



## ၉ သူ့အကြောင်းတွေးတာ ရပ်လို့မရနိုင်အောင်ပါ။

ဘာကြောင့်ရယ်လို့ ဆင်ခြေမရှိဘဲ သူ့အကြောင်း စဉ်းစားတိုင်း ပျော်ရွှင်ကြည်နူးနေတတ်တာ၊ သူက သင့်တစ်ဝက်တောင် သင့်ကို သတိရမနေတဲ့တိုင် သင်ကတော့ တွေ့ဖို့တွေးနေတာ၊ တွေ့ခဲ့တာတွေ တွေး မဝနိုင်၊ အမြဲသတိရနေတာ။

●

www.burmeseclassic.com


ရှေးက သူတွေကို
သတိမရတော့ပါဘူး။
နောက်တွေ့မယ့်သူကို
မှန်းပြီး ရင်ခုန်နေတာပါ

www.burmeseclassic.com



## ၁၀ သူ့ရှေ့က ကြုံဖူးတဲ့ရင်ခုန်စရာတွေကို မေ့လိုက်နိုင်တာ။

သင်ဟာ လှပတဲ့မိန်းကလေးတစ်ယောက်နဲ့ နီးစပ်တွေ့ဆုံတတ်ပါလျက်နဲ့ အဲဒီမိန်းကလေးရဲ့ရှေ့က သင်ရင်ခုန်ဖူးသူဘွေကို သတိရနေသေးရင် ဒါအချစ်မဟုတ်သေးဘူး။ သင် အခုဆုံနေတဲ့သူကလေးကို တွေ့မိချိန်ကစပြီး ရှေ့က ကြုံခဲ့ဖူးသူတွေ တစ်ယောက်မှ သတိမရတော့အောင် ပျောက်ကွယ်ကုန်ကြတဲ့အခါ သင်ဟာ တကယ်အချစ်စစ်ကို တွေ့နေပြီဆိုတာပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com

❤ မိန်းကလေးတို့ ချစ်ဆိပ်တက်ချိန်


သူမ သဘောကျနေတယ်ဆိုတာ သင်သိနိုင်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com





✦ သူမက သင့်ရဲ့မျက်စိကို သေသေချာချာစိုက်ကြည့်လိမ့်မယ်။ အကြည့်ချင်းဆုံတာထက် ပိုပါတယ်။ သူမရဲ့အကြည့်ကို သေချာလေ့လာရင် မျက်နက်ဝန်းထဲက သူငယ်အိမ်ကလေး တောက်ပနေတာလည်း တွေ့ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



✦ သူမ သင့်အနီးကိုရောက်တဲ့အခါ သူမရဲ့အသား အရေကို သေချာသတိထားကြည့်လိုက်ပါ။ နဂို ထက်ပိုပြီး နီနီကလေးဖြစ်နေလိမ့်မယ်။ (ရင်ခုန် လှုပ်ရှားရင် ဖြစ်တတ်တဲ့ သဘာဝလေ။)

www.burmeseclassic.com

www.burmeseclassic.com



✦ ကုလားထိုင်ပေါ်ထိုင်တဲ့အခါ ကြက်ခြေခတ် ယှက်ထားတတ်တဲ့ သူမရဲ့ခြေထောက် ၂ ချောင်းဟာ သင့်ဆီကို ဦးတည်နေတတ်တယ်။ ဒါမှမဟုတ် ခြေထောက်ကို ထိုင်လွှဲနေရင်း ခြေချောင်းတွေက သင့်ဆီကို ဦးတည်နေလိမ့်မယ်။

✦ သင်နဲ့သူမ စကားပြောနေခဲ့ရင် သင့်စကားသံကျယ်ရင် သူမအသံကလည်း လိုက်ကျယ်သလို၊ သင့်အသံတိုးသွားရင် သူကလည်း လိုက်တိုးတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



✦ သင်နဲ့ဆုံခဲ့ရင် သူမရဲ့ပါးကလေးတွေကအစ လက်နဲ့ပွတ်နေတတ်လိမ့်မယ်။ အဲဒါ သူမက သင့်အကြောင်း စဉ်းစားနေတာပါ။ သူမက သင့်ကို ဘယ်လိုပြုမူဆက်ဆံရမယ်ဆိုတာ တွေးနေတာ ဖြစ်တတ်တယ်။

✦ ဝေးဝေးက မြင်ရင်ပဲဖြစ်ဖြစ် အနီးနားရောက်လာရင်ပဲဖြစ်ဖြစ် သူမက သူ့မျက်စိတစ်ဖက် မှိတ်ပြတာမျိုး အမူအရာကိုလည်း လုပ်တတ်တယ်။

✦ သင်နဲ့သူမ မျက်နှာချင်းဆုံကြရင် သင့်ကို သူမက လက်ဝါးကလေး ဖြန့်ပြတတ်တယ်။ အမိပွားမ်ဘောက်မနေနဲ့ သူမလည်း စိတ်လှုပ်ရှားပြီးလက်ဝါးကလေး ဖြန့်ပြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



- တချို့ကလည်း ထုတ်ဖော်ပြောရတာမျိုး၊ ရှက်ရွံ့တတ်လေသလား မသိ။ သင့်ကိုမြင်ရင် နှုတ်ခမ်းကလေးကိုက်တာ၊ လျှာကလေး ထုတ်မိသွားတာ၊ နှုတ်ခမ်းကို လျှာနဲ့သပ်မိတာ၊ သွားလေးတွေကို လျှာနဲ့ထိုးနေမိတာ ဒါလေးတွေ သူမဆီမှာ မြင်တွေ့ရလိမ့်မယ်။

- သင် သူမအနားကို ရောက်သွားတဲ့အခါ သူ ထိုင်နေတာဖြစ်ရင် ထိုင်နေတဲ့ သူမ တောင့်ခနဲဖြစ်သွားတတ်တယ်။ ဒါမှမဟုတ် သူ့ကိုယ်ခန္ဓာနဲ့ ပြုမူလှုပ်ရှားပုံတွေ တင်းတင်းတောင့်တောင့် ပြုံး နေတာ တွေ့ရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



✦ တချို့က သွားကြားကလေးထဲ လက်သည်းနဲ့ ထိုးနေတတ်တယ်။

✦ သင် ရယ်မောတိုင်း သင်နဲ့အတူ သူမက(စကားဝိုင်းမှာ) လိုက်ပါရယ်မောခြင်းကလည်း သင့်ကို သူမ သဘောကျနေတဲ့ အချက်တစ်ချက်ပါ။

✦ သူမက သင့်ကို ပခုံး၊ လက်မောင်း၊ (ထိုင်နေတဲ့အခါ) ပေါင်၊ လက်ဖမိုး စတာတွေကို ပုတ်ခတ်ပြီး စကားပြောတာလည်း လက္ခဏာတစ်ရပ်ပါပဲ။

✦ သူမ ဝတ်ဆင်ဆင်မြန်းထားတဲ့ လက်ဝတ်ရတနာတွေကို အကြောင်းမဲ့ ပွတ်သပ်နေတာမျိုးလည်း တွေ့ရတတ်တယ်။

✦ သင့်ကိုကြည့်နေရင်း သူမရဲ့ဆံနွယ်တွေကို လက်ချောင်းကလေးတွေနဲ့ လိမ်ကျစ်မိနေတတ်တာလည်း ဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



✦ သင့်ကိုပဲ တစ်ဦးတည်း ဦးတည်ရည်ရွယ်ပြီး ပြုံးပြမယ်။ အဲဒီအပြုံးမှာ သူမရဲ့မျက်ခုံးကလေးတွေ ချီပြီး မြင့်တက်သွားတာကလေးတွေ ပါလာတတ်တယ်။

✦ သင်နဲ့သူမ စကားပြောတဲ့အခါ သူမလက်နှစ်ဖက်ကို ကြက်ခြေခတ်ယှက်ပြီး လက်ဝါးနှစ်ဖက်က ကိုယ့်ပခုံးကို ကိုယ်ပြန်ဆုပ်ကိုင်ထားတာမျိုးလည်း စိတ်လှုပ်ရှားနေတဲ့ လက္ခဏာပဲ။

✦ လူစုလူဝေးနဲ့ ရှိတတ်တဲ့အခမ်းအနားတွေမှာ သူမဟာ သင့်တစ်ယောက်ကိုပဲ ထူးထူးခြားခြား စူးစူးစိုက်စိုက် ဦးစားပေးပြီး စကားတွေ ပြောနေလိမ့်မယ်။

✦ သင်နဲ့သူမ စကားပြောတဲ့အခါ သာမန်အနေအထားထက်ပိုပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်မိနေတတ်တာမျိုးလည်း တွေ့ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



✦ သင့်ကို သူမက နှုတ်ဆက်ပြုံးပြမှုမှာ သာမန်ထက်ပိုပြီး ပါးစပ်ကို အားရပါးရဖွင့်တယ်။ သွားတွေပေါ်ပြီး ကျေနပ်အားရ အမူအရာ ရှိနေတတ်တယ်။

✦ သူမရဲ့ ပုံမှန်စကားပြောနေဟန်က ဘယ်လိုပဲရှိနေပါစေ၊ သင်က ဖြည်းဖြည်းပြောရင် သူမကလည်း ဖြည်းဖြည်းပြောပြီး၊ သင်က မြန်မြန်သွက်သွက်ပြောရင် သူမကလည်း ခပ်သွက်သွက်လိုက် ပြောတာမျိုး။

www.burmeseclassic.com

www.burmeseclassic.com





✦ သင်နဲ့တွေ့ချိန်မှာ သူမရဲ့လက်ကောက်ဝတ်ကို အထက်အောက် ပွတ်သပ်နေတာမျိုးတွေဟာ စိတ်ဝင်စားကြောင်းပြတဲ့ လက္ခဏာတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၁) ချစ်စကားခွန်းချို ဆိုရမည့်အချိန်

## ❤ မရိုးနိုင်တဲ့အဓိုးတန်စကားလေး "ချစ်တယ်"

[အချစ်စိတ်တွေကို နွေးနေအောင် နွေးခြင်း]

ချစ်ခင်မေတ္တာမျှကြတဲ့ လူ ၂ ဦးကြားမှာ တစ်ခါတစ်ရံ အေးစက်တဲ့ဆက်ဆံတွေနဲ့ သွေးမနွေးတော့ဘူး ဆိုတာမျိုးတွေ ရှိနေတတ်ကြမှာပါပဲ။ အဲဒီလိုအခြေ အနေမျိုးတွေအထိ တွေ့ကြုံမလာကြစေဖို့ မရိုးနိုင်တဲ့ စကားလေးတွေ၊ ဟန်ဆောင်မှုမပါတဲ့ ကိုယ်ဟန်အမူအရာကလေးတွေနဲ့ ချစ်သူ ၂ ဦးကြားက အချစ်စိတ်တွေကို နွေးထွေးတက်ကြွလာစေနိုင်တယ်ဆိုတာ အကြံပေးချင်လို့ပါ။

လက်တွေ့ဘ၀ထဲက နည်းလမ်းကလေးတွေဖြစ်ပြီး သင်နဲ့ သင့်လက်တွဲဖော်တို့ကြားက အချစ်တွေ သွေးနွေးလာစေဖို့ အသုံးဝင်နိုင်စရာတွေလည်း ဖြစ်ပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com

## ❤ မရိုးနိုင်တဲ့အဖိုးတန်စကားလေး "ချစ်တယ်"

[အချစ်စိတ်တွေကို နွေးနေအောင် နွှေးခြင်း]

ချစ်ခင်မေတ္တာမျှကြတဲ့ လူ ၂ ဦးကြားမှာ တစ်ခါတစ်ရံ အေးစက်တဲ့ဆက်ဆံတွေနဲ့ သွေးမနွေးတော့ဘူး ဆိုတာမျိုးတွေ ရှိနေတတ်ကြမှာပါပဲ။ အဲဒီလိုအခြေ အနေမျိုးတွေအထိ တွေ့ကြုံမလာကြစေဖို့ မရိုးနိုင်တဲ့ စကားလေးတွေ၊ ဟန်ဆောင်မှုမပါတဲ့ ကိုယ်ဟန်အမူအရာကလေးတွေနဲ့ ချစ်သူ ၂ ဦးကြားက အချစ်စိတ်တွေကို နွေးထွေးတက်ကြွလာစေနိုင်တယ်ဆိုတာ အကြံပေးချင်လို့ပါ။

လက်တွေ့ဘဝထဲက နည်းလမ်းကလေးတွေဖြစ်ပြီး သင်နဲ့ သင့်လက်တွဲဖော်တို့ကြားက အချစ်တွေ သွေးနွေးလာစေဖို့ အသုံးဝင်နိုင်စရာတွေလည်း ဖြစ်ပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com




**၁** **မင်းကိုချစ်တယ်**ဆိုတဲ့ စကားလေးပါ။ ရက်နေဖို့မလိုပါဘူး။ တကယ် ရင်မှာရှိနေတာပဲ။ နေ့စဉ် ၁ ကြိမ်လောက်တော့ ကိုယ့်အဖော်ကို ပြောလိုက်ပါ။ ဒီစကားလေးကို ကြားရတဲ့ မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ်ဖြစ် ကိုယ့်အပေါ် ယုံကြည်စိတ်ချမှု ပိုတိုးလာပါတယ်။ ဒါ့အပြင် ကိုယ့်အပေါ် တုံ့ပြန်ချစ်စိတ်တွေလည်း သူ့ဆီမှာ နိုးကြားလာပြီး အချစ်တွေ နုပျိုရှင်သန်နေပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com




**၂** ကိုယ့်လက်တွဲဖော်ကို သူ မမျှော်လင့်ဘဲ ရုတ်တရက် ပွေ့ဖက်လိုက်တာ ကြင်နာမှု အပြည့်နဲ့ အနမ်းပွင့်ချွေလိုက်တာ၊ ဒါမှမဟုတ် ကလိထိုးစ နောက်လိုက်တာမျိုးဟာ သူ့ကို ရုပ်ပိုင်းဆိုင်ရာ လန်းဆန်းအားတက်မှုကို ဖြစ်စေပါတယ်။ အရေးကြီးတဲ့ အပြုအမူ ၃ ခုလို့ ဆိုချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




**၃** စိတ်ကြည်နူးပျော်ရွှင်စရာတစ်ခုခုကို ဖြုန်းခနဲလုပ်လိုက်တာမျိုးကလည်း ကျေနပ်စရာဖြစ်စေတယ်။ ဥပမာ– ကိုယ်စီအလုပ်ကလေးဟွေ ရှိနေကြလျက်က ရုတ်တရက် သူ့ကို မျက်စပစ်လိုက်ပြီး လက်ကိုဆွဲခေါ်လို့ အလုပ်တွေကြားက ဆွဲထုတ်ကာ မိုးကုပ်စက်ဝိုင်းဆီက သက်တံကြီးကို သွားကြည့်ကာ အိမ်မှာထိုင်နေကြရင်း မိုးရွာတဲ့ညနေခင်း မိုးစက်မိုးပေါက်တွေထဲ ထွက်လျှောက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com




**၄** ဓာတ်ပုံဟောင်းလေးတွေကို ၂ ယောက်အတူပြန်ကြည့်ကြရင်း တစ်ချိန်က သတိရစရာလေးတွေ၊ ချစ်ပုံရိပ်တွေကို စားမြုံ့ပြန်ကြတာဟာလည်း နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၅၁ ကလေးတွေ မပါတဲ့၊ မိသားစုတွေ မပါတဲ့၊ အလုပ်တာဝန်၊ မိသားစုတာဝန်တွေ မပါတဲ့ ၂ ယောက်တည်း စိတ်လက်အပန်းဖြေစရာ ရက်ကလေး ၁ ရက်လည်း တစ်ပတ်တစ်ခါမဟုတ်တောင် ၁ လတစ်ခါလောက် ရှိနေပါစေ။ အဲဒီနေ့ကလေးက တကယ့် Great နေ့ကလေး ဖြစ်နေတတ်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**၆** နားထောင်ပေးပါ။ သင့်ချစ်သူ ပြောချင်နေတဲ့စကားလေးတွေပေါ့။ ကိုယ်နဲ့တိုက်ရိုက်မသက်ဆိုင်ရင်တောင် သူ့ရင်ထဲမှာ တင်းကျပ်လို့ ဖွင့်ဟတာကို ဂရုတစိုက်နားထောင်ပေးလိုက်တာဟာ သူ့ကို သိပ်ကြင်နာရာ ရောက်ပါတယ်။ နောက်ပြီး သီချင်းပဲဖြစ်ဖြစ်၊ ကမ္ဘာ့သတင်းတွေပဲဖြစ်ဖြစ် သူ နားထောင်ချင်တာကို အတူလိုက်နားထောင်ပေးပါ။ ကိုယ့်အကြိုက်နဲ့ ထပ်တူကျကျ မကျကျ အတူတူမျှဝေပေးတယ်ဆိုတာ ချစ်သူတွေကြားက အရေးပါတဲ့ လုပ်ရပ်တွေ ဖြစ်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com




**၇** သင့်ချစ်သူကို သင် ဘာကြောင့် ချစ်တယ် ဆိုတာ ပြောပြဖို့လည်း မမေ့ပါနဲ့။ ရိုးသားလို့၊ ဉာဏ်ထက်လို့၊ စိတ်ကူးသစ်တွေရှိလို့ သဘောကျမိတာဆိုတာမျိုး ပြောပြထားခြင်းဟာ သူ့စိတ်ဓာတ်နဲ့ သူ့အားမာန်ကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးခြင်းပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




၈ သင့် လက်တွဲဖော်ခမျာ အသေးအဖွဲဆိုပြီး ခေါင်းမဖော်နိုင်အောင် ရှုပ်နေရှာတဲ့ အိမ်အလုပ်တွေ၊ ဝေယျာဝစ္စတွေကို သင်က ဝိုင်းကူလိုက်ခြင်းဟာ သင့်လက်တွဲဖော်ကို သိပ်ကောင်းတဲ့လက်ဆောင်ပေးလိုက်တာနဲ့ အတူတူပါပဲ။ မိန်းမက ပန်းကန်တွေဆေးရင် ယောကျ်ားက အဝတ်ခြောက်တွေ မခေါက်ပေးတာ၊ ယောကျ်ားက တံမြက်စည်းလှည်းရင် မိန်းမက ကားရေဆေးပေးတာ ဆိုတာမျိုးလေးတွေပေါ့။

●

www.burmeseclassic.com

www.burmeseclassic.com






**၉** ချစ်သူရဲ့ မွေးနေ့နဲ့ မင်္ဂလာနှစ်ပတ်လည်နေ့ကိုမမေ့စေနဲ့။ ဒီထက်အရေးကြီးတာ ဘာမှမရှိလို့သာ အပြီးတိုင် မှတ်ထားကြစို့။

●

www.burmeseclassic.com

www.burmeseclassic.com






**၁၀** ပြုံးပြပါ။ ဘာအကြောင်းမှ မရှိလည်း ပြုံးပါ။ တစ်ဦးနဲ့တစ်ဦး ပြုံးပြီး ကြည့်ကြပါ။

●

www.burmeseclassic.com

www.burmeseclassic.com






**၁၁** နှစ်ယောက်အတူ ညစာချက်တဲ့ အလေ့အထ ရုံဖန်ရံခါရှိတာကလည်း သိပ်ကောင်းတဲ့ အလေ့အထပါ။ ပြီးသွားမှ ထမင်းစားပွဲမှာ candle light ညစာစားပွဲ ကျင်းပရုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com






**၁၂** လက်ကို မြဲမြဲဆုပ်ကိုင်ပေးပါ။ သိပ်ရိုးစင်းတဲ့အပြုအမူပဲလို့ ထင်ရပေမဲ့ ကြွင်နာသူကို သိပ်အားရှိသွားစေတဲ့ အားပေးမှုဆိုဟာ အသေအချာပါ။ လက်ချင်းမြဲမြဲဆုပ်ကိုင်တာတကယ့်အားဆေးပါ။

www.burmeseclassic.com

www.burmeseclassic.com





**၁၃** ချစ်ကြင်နာမှုကို ဖော်ပြတဲ့စာကြောင်းလေးတွေ ရေးပေးပါ။ အခုခေတ်က ဖုန်းဆက်မယ်။ SMS မက်ဆေ့ချ်တွေ ပို့မယ်ဆိုတာနဲ့ပဲ ရှုပ်ယှက်ခတ်နေကြပြီး လက်ရေးကလေးနဲ့ရေးတဲ့ စာကလေးတွေရဲ့ အရသာကို မေ့နေကြတာပါ။ ဟန်ဆောင်တာတွေမပါတဲ့ ချစ်မေတ္တာသက်သက်ကို ဖော်ပြသော စာကလေး တစ်ကြောင်း၊ နှစ်ကြောင်းက ဘယ်လိုထိရောက်စေတယ်ဆိုတာ သိနိုင်၊ ခံစားနိုင်ဖို့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ရေးပြီး ကိုယ့်ချစ်သူကို မြင်သာအောင် ဖန်တီးကြည့်ပါ။ ရေးပြီးတဲ့အခါ –

- ရေခဲသေတ္တာထဲက ကြက်ဥကတ်ပေါ်မှာ
- ချစ်သူဖတ်လေ့ရှိတဲ့ စာအုပ်ကြား
- ရေခဲသေတ္တာရဲ့ တံခါးမှာ
- ချစ်သူရဲ့ ခေါင်းအုံးပေါ်မှာ
- ချစ်သူစီးတဲ့ ရှူးဖိနပ်ထဲမှာ
- သူ့ရဲ့ ကွန်ပျူတာ ဒါမှမဟုတ် တီဗွီစကရင်မှာ
- ကား ဒက်ရှ်ဘုတ်မှာ
- ချစ်သူတပ်လေ့ရှိတဲ့ မျက်မှန်ပေါ်မှာ
- ရေချိုးခန်းက မှန်ပေါ်မှာ
- ကုတ်အကျီရဲ့ အတွင်းအိတ်ထဲမှာ
- နေ့လယ်စာ ဘူးထဲမှာ

ထားပေးခြင်းက အချစ်တွေ တိုးလာစေတဲ့အကြောင်း လက်ဆောင်ကောင်းတွေ ဝေငှပေးလိုက်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

❤ အချစ်စိတ်နဲ့ အချစ်
[သင် နားလည်တဲ့အချစ်ဆိုတာနဲ့
ကိုက်ညီပါရဲ့လား]

www.burmeseclassic.com

www.burmeseclassic.com







**၁** သင်နဲ့ သင့်ရဲ့လက်တွဲဖော်ကို့ရဲ့ ရင်ထဲမှာ အချစ်စိတ်ကလေးတွေ တဖျတ်ဖျတ်တိုးပြီး ပေါက်ဖွားလာတဲ့အခါ ကြည်နူးပျော်ရွှင်စရာ ချစ်သူဘဝ အခိပ္ပာယ်ပြည့်ဝတာပဲမဟုတ်လား။ ချစ်အဓိပ္ပာယ် အမြဲရှိချင်ရင် ချစ်ခင်စွဲလမ်းစရာ လုပ်ရပ်ကလေးတွေ မကြာခဏ ပေါက်ဖွားလာအောင် ဖန်တီးပါ။

www.burmeseclassic.com

www.burmeseclassic.com






**၂** ချစ်ခင်နှစ်သက်ကြောင်း စိတ်ထဲမှာရှိနေရုံ ထက်မကသော ကိုယ်ဟန်အမူအရာနဲ့ နှုတ်ထွက်ချိုသာ စကားတွေကလည်း ကိုယ့်ရဲ့ချစ်သူ လက်တွဲဖော်ကိုပျော်ရွှင်ကျေနပ်စေပါတယ်။ ဒါကြောင့် ချစ်ကြည်နူးစရာ အနေအထားလေးတွေ ပိုင်ဆိုင်ချင် ရင် ရင်ထဲကတင်မကဘဲ ကိုယ်နှုတ်အမူအရာလေးတွေ နဲ့လည်း ဖော်ပြပေးသင့်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com






၃ သင်ကိုယ်တိုင် အချစ်စိတ်အပြည့်နဲ့ ပျော်ရွှင်ကျေနပ်ချင်ရင် ချစ်သူနဲ့ ကျေနပ်ပျော်ရွှင်နေဆဲကာလတစ်ခုလုံး ဘယ်သူ့ကိုမဆို သင်က ဂရုတစိုက်နဲ့ လေးလေးစားစား ပြောဆိုဆက်ဆံဖူးတာကို သတိရလိုက်ပါ။ အဲဒီလို လူအများရဲ့ ကျေနပ်မှုကို ဖန်တီးတတ်သူဟာ ကိုယ်တိုင်လည်း ပျော်ရွှင်မှုပိုင်ဆိုင်ရမှာ အသေအချာပါ။

●

www.burmeseclassic.com

www.burmeseclassic.com





**၄** လူတိုင်းလူတိုင်းဟာ ပျော်ရွှင်နေမယ်၊ ချစ်စိတ်တွေပြည့်လျှံနေမယ်ဆိုရင် တခြားအချိန်တွေထက် ချစ်မှုချစ်ရေး ချစ်ဖို့အတွေးတွေ ပိုထက်သန်နေတတ်ပါသတဲ့။ ဒီအခါမှာ သင်ဟာ လက်တွဲဖော်ကို ပိုပြီးကြင်နာ ပြုစုနေချင်တတ်တယ် နော်။

●

www.burmeseclassic.com

www.burmeseclassic.com




**၅** တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်း ထဲထဲဝင်ဝင်ရှိကြပြီး အပြန်အလှန် စွဲလမ်းသတိရနေကြတဲ့ ချစ်သူနှစ်ဦးဟာ ရှင်သန်ခိုင်မြဲပြီး ရှည်ကြာတဲ့ အချစ်ဘဝ ပိုင်ဆိုင်ကြမှာပါပဲ။ ဒါဆိုရင် ကိုယ့်ရဲ့ချစ်မေတ္တာဘဝခရီးလမ်း နွေးနွေးထွေးထွေး ရှင်သန်နေအောင် ဘယ်လိုလက်တွဲဖော်နဲ့ လျှောက်လှမ်းရမယ်ဆိုတာ တွေးဆနိုင်ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com






၆ လက်ထပ်ပေါင်းဖက်ခြင်းကသာ ချစ်သူနှစ်ဦးရဲ့ စိတ်ကူးရည်မှန်းခဲ့တဲ့ မေတ္တာပြည့်ဝသော ဘုံဗိမာန်ဆိုတာ တဖြည်းဖြည်း တိုးတက်ရောက်ရှိလာနိုင်တာပါ။ သင် ယုံကြည်လက်ခံလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com






**၇** အတူတကွ နေထိုင်ဆက်ဆံကာ တစ်ဦးနဲ့ တစ်ဦး ညှိနှိုင်းလိုက်လျောကြခြင်းကသာ အဓိပ္ပာယ်ပြည့်ဝပြီး နက်ရှိုင်းတဲ့ နားလည်မှုကို ပိုင်ဆိုင်နိုင်မှာပါ။ သင်နဲ့ သင့်လက်တွဲဖော်ရဲ့ကြားမှာရော ဘယ် လိုရှိပါသလဲ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၈ ချစ်ခြင်းမေတ္တာစိတ်တွေနဲ့ သာယာတဲ့ အိမ်ထောင်ဖက်နှစ်ဦးဟာ ကိုယ့်မိသားစု၊ ကိုယ့်အိမ်ရာကို ငြိမ်းချမ်းပြီး ပျော်ရွှင်စရာနေရာလေးဖြစ်အောင် ဖန်တီးပါတယ်။ သားသမီးတွေရဲ့ စံနမူနာယူစရာပုဂ္ဂိုလ်ဆိုတာ ချစ်မေတ္တာနဲ့ပေါင်းဖက်ထားတဲ့ မိဘနှစ်ဦးဖြစ်ကြောင်းလည်း သိထားရပါမယ်။ ချစ်ခင်စုံမက်ကြသူနှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး ယုံကြည်လေးစားကြရမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်ကိုးစားစိတ် ခိုင်ခိုင်မာမာထားကြရပါမယ်။ စွမ်းဆောင်သင့်တာကို အောင်မြင် ပြီးမြောက်အောင် စွမ်းဆောင်ကြပါတယ်။ သင် ချစ်တတ်ပါစေ။ အချစ်နဲ့တည်ဆောက်တဲ့ဘဝမှာ အောင်မြင်သူဖြစ်ပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ❤ ချစ်စကားခွန်းချိုဆိုမည့်အချိန်



ဒီအချိန် ဒီအခါရောက်လာရင် ရင်ခုန်လှုပ်ရှားတတ်ကြသူ လူရွယ်တွေကြားမှာ ချစ်စကားခွန်းချိုဆိုဖို့ သတ္တိတွေ ရဲရင့်မှုတွေ ပေါ်ထွက်လာတတ်ကြစမြဲပါ။ တကယ်တော့ ဒီစကားဆိုချိန်ဆိုတာဟာ လူတစ်ယောက်ရဲ့ဘဝမှာလည်း တကယ်အရေးပါသော ကာလတစ်ခု ဖြစ်နေတတ်တာပါ။ ဒါကြောင့် ဒီအချိန် ဒီကာလလေးကို ကြည်နူးသာယာစွာ ရှိနေဖို့ ပြင်ဆင်သင့်ပါတယ်။ ချစ်စကားမဆိုခင် ကိုယ်ဖွင့်ဟ စကားဆိုမယ့်သူကို ကာလရှည်ကြာ ယုံကြည်စွာ လက်တွဲသွားနိုင်လေမလား စဉ်းစားထားဖို့လည်း ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

❤ တွေးတွေးဆဆပြီးမှဆိုလေ စကားချိုချို တွေ

[Points to Ponder before saying I love you]

"ချစ်တယ်" ဆိုတဲ့စကား မပြောခင် သတိပြုစရာ အရေးကြီးအချက်ကလေးတွေ အကြံပြုပါရစေဦး။

●

www.burmeseclassic.com

www.burmeseclassic.com






✦ ကိုယ် ချစ်စကားဆိုမယ့်သူ ချစ်တယ်လို့ပြောမယ့်သူကို လုံလောက်အောင် နားလည်သိရှိထားပြီးပြီလား၊ သိဖို့ကောင်းပါ၏။

www.burmeseclassic.com

www.burmeseclassic.com



✦ ကိုယ် ချစ်စကားဆိုမယ့်သူဟာ ကိုယ့်အတွက် တကယ် Specialဟုတ်ရဲ့လား။ ရင်ခုန်မှုလေး သက်သက်ပဲလား၊ ရှုထောင့်စုံက စဉ်းစားမိရဲ့လား။

✦ ချစ်စကားဆိုလိုက်တာဟာ လူနှစ်ဦးအတွက်တော့ ခင်မင်ရင်းနှီးတာထက် ပိုလွန်တဲ့အဆင့်တစ်ခုဆီ တက်လိုက်ကြတာပါ။ အဲဒီလိုခင်မင်မှုထက်ပိုတဲ့ အဆင့်ရောက်ရှိတော့မယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး ကတိပြုရတာတွေ၊ စောင့်ထိန်းကြင်နာရတာတွေပါ ပါလာတော့မယ်။ တစ်ချိန်မှာ နှစ်ဦးသားထိမ်းမြားလက်ထပ်ကြဦးမှာ မဟုတ်လား။

✦ ကိုယ်က ချစ်စကားဆိုလိုက်တာဟာ တစ်ဖက်လူကို အလစ်အငိုက် ချောင်ပိတ်လိုက်တာမျိုးဖြစ်ပြီး သူ့ဆီက အဖြေစကားကို အကျပ်ကိုင်တောင်းဆိုမှုမျိုးမဖြစ်သင့်ပါ။ သင့်ချစ်စကားအပေါ် တစ်ဖက်လူက တုံ့ပြန်ဖို့ စဉ်းစားချိန် နည်းနည်းတော့ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



✦ ကိုယ့်ရဲ့ ချစ်ခွင့်တောင်းခံမှုပုံစံက ကိုယ် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ အထင်ဟပ်နိုင်ဆုံးမို့ ဘယ်လိုချစ်ခွင့်တောင်း၊ ချစ်စကားဆိုမှာလဲ၊ သတိထားပါနော်။

✦ ပြီးတော့ တစ်ဖက်လူဟာ ကိုယ်နဲ့ထပ်တူခံစားမှုရှိလိမ့်မယ်လို့ တစ်ထစ်ချယူဆမထားတဲ့ သူ့ဆီက ငြင်းပယ်စကားလည်း ကြားကောင်းကြားရနိုင်တယ်ဆိုတာ ကြိုတွေးပြီး ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားဖို့ကောင်းတယ်။ ဒါပေမဲ့ ကိုယ့်ရင်ထဲက ခံစားချက်တွေကိုတော့ မကြွင်းကျန်စေနဲ့ အားလုံးပဲ ထုတ်ဖော်ပြသပြောဆိုလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ❤ အကောင်းဆုံးချစ်စကားဆိုဖို့ အကောင်းဆုံးအချိန်နေရာတွေ ပြင်ဆင်ကြစို့

[How to say I love you in a Special Way]

တစ်ယောက်သောသူကို ချစ်စကားဆိုဖို့ အသေအချာဆုံးဖြတ်လိုက်ပြီဆိုရင် ဒါဟာ ဘဝမှာ အတော်လေး အရေးပါတဲ့ အစိတ်အပိုင်းဖြစ်ခဲ့ပြီမို့ အကောင်းဆုံး၊ အပျော်ရွှင်ဆုံး၊ ကြည်နူးအမှတ်ရဖွယ်အရှိဆုံး အချိန်ကာလဖြစ်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒီအချိန် ဒီကာလလေးဟာ နှစ်ဦးသားရဲ့ ဘဝခရီးမှာ သားသား မီးမီးတွေ၊ မြေးမြစ်တွေအထိ မကြာခဏစားမြုံ့ပြန်ဦးမှာမို့ အကောင်းဆုံးသာ ပြင်ဆင်ပေတော့လို့ အကြံပေးချင်ပါတယ်။ စဉ်းစားသင့်တာလေးတွေလည်း ပြောပြလိုက်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com





✦ သူ့ကို ကိုယ်က ဘယ်လိုချစ်စကားဆိုမလဲ။ သူက ခေတ်ပေါ်အသုံး အဆောင်တွေမှာ ပျော်မွေ့သူဆို ရင်တော့ မိုဘိုင်းလ်ဖုန်းနဲ့ text messages ပို့မလား၊ e-mail နဲ့လား ပြောလို့ရနိုင်တယ်။ ဒါမှ မဟုတ်လည်း ညနေခင်းလေးမှာ နှစ်ဦးသား ပျော်ပျော်ပါးပါးတွေ့ဆုံကြရင်း ရင်ဆိုင်စကားဆိုမှာလား။

www.burmeseclassic.com

www.burmeseclassic.com






✦ အချိန်ကိုလည်း သတိထားရွေးရပါဦးမယ်။ သူ သက်သောင့်သက်သာ ပျော်ရွှင်နေချိန် ဟုတ်ရဲ့လား။ သူ ပင်ပန်းစိတ်တိုနေချိန်မျိုးဆိုရင်တော့ ရှောင်ရှားရမှာ အသေအချာပေါ့။

✦ "နေရာ"၊ ဒါကလည်း အရေးပါတာပေါ့။ ချစ်စကားဆိုတဲ့နေရာကလေးဟာ သူ့ရော နှစ်သက်ကြည်နူးတဲ့နေရာလေးဖြစ်ရင် အကောင်းဆုံးပေါ့၊ ဂရုစိုက်ရွေးချယ်ဖို့ မမေ့လေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



✦ ပြောတဲ့အခါရော ဘယ်လိုပြောမှာလဲ။ နူးညံ့ညင်သာ၊ သာယာနာပျော်ဖွယ်ရာ မလေသံကလေးတွေကသာ ရင်ခုန်ပျော်ရွှင်စေရမှာပါ။ တစ်ဖက်လူစိတ်လှုပ်ရှားရင်ခုန် ကျေနပ်စရာလေး ဖြစ်ပါစေ။

✦ နှစ်ဦးသား ဆုံတွေ့မှုကို သိပ်အလွန်အကျွံကြီးပြင် ဆင်မထားပါနဲ့. နေရာကို မွေးနေ့ပွဲကြီးလို မပြင် သင့်သလို ကိုယ်တိုင်ကလည်း အလှူမင်္ဂလာပွဲ ဝင်သလိုချည်း 'သ'မထားနဲ့။ တည်တည်ငြိမ်ငြိမ် သက်သောင့်သက်သာ ရှိနေပါစေ။

www.burmeseclassic.com




- သင် သိပ်ရင်ခုန်ရင်တောင် ပေါ်လွင်မနေအောင် ဂရုပြုပါ။

- ပြုံးပြုံးရွှင်ရွှင် တည်တည်ကြည်ကြည်နဲ့ ရင်ထဲက ခံစားမှုကို ပြောပြနိုင်ပါစေ။

- အဲဒီလို တည်တည်ငြိမ်ငြိမ် မလုပ်နိုင်ရင် သင် ပြောမယ့်စကားကို ကက်ဆင်တိတ် CD, MP3 တစ်ခုခုမှာ ထည့်ထားပြီး ပေးတာပဲဖြစ်ဖြစ်၊ သင် ပြောချင်တဲ့စကားကို ကိုယ်စားပြုနိုင်တဲ့ အချစ် ကဗျာလေးတစ်ပုဒ်ကိုပဲဖြစ်ဖြစ် ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com




✦ မင်းကိုချစ်တယ် "I Love you" ဆိုတဲ့ စကား လေးဟာ တိုတောင်းရှင်းလင်းပေမယ့် သိပ်တန်ဖိုး ကြီးတယ်။ ဒီစကားရဲ့နောက်က လိုက်ပါလာတဲ့ အကျိုးသက်ရောက်မှုတွေဆိုတာကလည်း အများကြီးပါ။ သင် ဒီစကားလေးကို အောင်နိုင် စေဖို့ ကြိုးစားရမယ်ဆိုတာ မမေ့နဲ့။

✦ ဒီစကားအဆိုခံရတဲ့ သင့်အဖော်မှာလည်း သင့်လို ပဲ အံ့အားသင့်ရင်ခုန်တာ၊ ကြည်နူးကျေနပ်တာ တွေ ရှိသွားစေမယ်ဆိုတာလည်း ကြိုပြီးနားလည် ထားပါ။

www.burmeseclassic.com

www.burmeseclassic.com




ချစ်စကားပြောဖို့ အချိန်၊ နေရာ၊ အမူအရာနဲ့ နည်းလမ်းတွေကို အထက်မှာပြောခဲ့သလို ထောင့်စုံအောင် ပြင်ဆင်ထားပြီဆိုရင်တော့ အောင်ပွဲခံဖို့ ပန်းအိုးလှလှတွေ၊ အောင်ပွဲခံရှန်ပိန်တွေပါ ပြင်ဆင်ထားပေတော့လို့ ပြောလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင့်အဖော်ဆီက Yes ဆိုတဲ့ ခေါင်းညိတ်စကားလေး သင် ရနိုင်မှာမို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



# (ဂ) သူမအတွက် ခင်ဗျား လုပ်ပေးဖို့ ကောင်းတာတွေ

♡ အမျိုးသမီးတွေ မျှော်လင့်တဲ့ ယောက်ျားပီသသူ

♡ ခင်ဗျား လုပ်ပေးဖို့ကောင်းတဲ့ အချက် ၁၀ ချက်

♡ သင့်ကို မုသားစကား လာပြောတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

## ❤ သူမအတွက် ခင်ဗျားလုပ်ပေးဖို့ ကောင်း တာတွေ

[အံ့ဩလောက်အောင်ထိရောက်တဲ့ အချက် ၁၀ ချက်]

ခင်ဗျားဟာ ယောကျ်ားကောင်းတစ်ယောက် ဆိုရင် တစ်ဘဝလုံးစာရည်ရွယ်တဲ့ တန်ဖိုးထား အပ်သော အမျိုးသမီးတစ်ယောက်ဆိုတာလည်း ရှိမှာပါ။ အဲဒီလို တစ်ယောက်သောသူအတွက် ခင်ဗျားရဲ့နေ့စဉ်ဘဝ သွားလာလှုပ်ရှားမှုတွေထဲ က နည်းနည်းလေးပိုပြီး ဂရုတစိုက်လုပ်သင့် တာလေးတွေတချို့ ရှိနေတယ်။ အဲဒါတွေက သူမ သိပ်ပြီးစိတ်ကျေနပ်မှု ရသွားစေမယ်ဆိုရင် ဒီလိုလုပ်ရပ်ကလေးတွေဟာ နှစ်ယောက်စလုံး ပျော်ရွှင်စေတာမို့ သိထားသင့်တဲ့ နည်းလမ်း ကောင်းလေးတွေပဲ မဟုတ်လား။

10 Amazingly Nice Things You Can Do For Her ဆိုပါတော့။

●

www.burmeseclassic.com

www.burmeseclassic.com



**၁** ပထမဆုံး လုပ်သင့်တဲ့အချက်က လွယ်လွယ်ရိုးရိုးလေးပါ။ ခင်ဗျားက သူမနဲ့ဆုံပြီဆိုရင် "မင်းအခြေအနေ ဘယ်လိုလဲ၊ မင်းရဲ့တစ်နေ့တာအကြောင်းလေးတွေ ပြောပြပါဦး"လို့ မေးလိုက်ပြီး သူမပြောလာတာတွေကို စိတ်ဝင်တစား နားထောင်ပေးဖို့ပါပဲ။ မိန်းကလေးသဘာဝကတော့ သူမရဲ့ကိုယ်ရေးကိုယ်တာတွေရော၊ သူမအလုပ်ခွင်ထဲက အကြောင်းတွေရော ပြောပြစရာတွေကတော့ တစ်ပုံကြီးဆိုတာမျိုး မဟုတ်လား။ အဲဒါကို ခင်ဗျားက သေသေချာချာ နားထောင်ပေးမယ်ဆိုရင် ခင်ဗျားဟာ သူမရဲ့ခံစားမှုကို နားလည်တတ်သူအဖြစ် အမှတ်ပြည့်ပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၂ ချက်ပြုတ်ကျွေးမွေးတာဟာလည်း ခင်ဗျားရဲ့ အဖော်မိန်းကလေး အံ့အားသင့်ပြီး ပျော်ရွှင်သွားစေမယ့် နည်းလမ်းထဲကတစ်ခုဖြစ်ကြောင်း ဒုတိယအချက်အနေနဲ့ ပြောပါရစေ။ မိန်းကလေးအများစုဟာ နေ့စဉ်လိုလို ချက်ပြုတ်ရတဲ့ မီးဖိုချောင်အလုပ်ဘဝကနေ တစ်ညတစ်လေတော့ အနားယူချင်တတ်ကြပါတယ်။ ခင်ဗျားက အဲဒါကို အလိုက်သိတဲ့အနေနဲ့ တစ်နပ်တလေ သူမကို တတ်သလောက် မှတ်သလောက် ချက်ပြုတ်ကျွေးမွေးတာမျိုး လုပ်ပေးသင့်ပါတယ်။ "*ဟာ . . . ငါမှ ဟင်းမချက်တတ်တာ*" ဆိုတာမျိုး မတွေးလိုက်ပါနဲ့။ ခုခေတ်မှာ ချက်နည်းပြုတ်နည်း စာအုပ်စာတမ်းတွေ၊ Web-site တွေ တစ်ပုံကြီးမို့ လေ့လာပါ။ ပြင်ဆင်ပါ။ လုပ်ဖြစ်အောင် လုပ်ပေးပါ။

●

www.burmeseclassic.com

www.burmeseclassic.com








**၃** သူမနဲ့ပတ်သက်တဲ့ အသေးအမွှားကိစ္စလေးတွေကအစ သတိတရမှတ်သားပါ။ ပြီးရင် အဲဒီအမှတ်တရကလေးတွေကို အထိမ်းအမှတ်ကလေးလုပ်ပြီး ကော်ဖီပွဲကလေးဖြစ်ဖြစ် ဆင်နွှဲပါ။ ဥပမာ– နှစ်ယောက်အတူ ရုပ်ရှင်သွားကြည့်တဲ့နေ့ ခြောက်လပြည့်တာဖြစ်ဖြစ်၊ သူမဆီက အမှတ်တရပစ္စည်း နာရီလေးရတာ တစ်နှစ်ပြည့်ပဲဖြစ်ဖြစ် အဲဒါမျိုးတွေကို အထိမ်းအမှတ်ပွဲလေးလုပ်ပေးပါ။ သူမတို့မိန်းကလေးတွေက ရတ်တရက် အဲဒီလိုပွဲကလေးနွှဲရတာကို သဘောကျကြတယ်။

●

www.burmeseclassic.com

www.burmeseclassic.com



**၃** သူမနဲ့ပတ်သက်တဲ့ အသေးအမွှားကိစ္စလေးတွေကအစ သတိတရမှတ်သားပါ။ ပြီးရင် အဲဒီအမှတ်တရကလေးတွေကို အထိမ်းအမှတ်ကလေးလုပ်ပြီး ကော်ဖီပွဲကလေးဖြစ်ဖြစ် ဆင်နွှဲပါ။ ဥပမာ– နှစ်ယောက်အတူ ရုပ်ရှင်သွားကြည့်တဲ့နေ့ ခြောက်လပြည့်တာဖြစ်ဖြစ်၊ သူမဆီက အမှတ်တရပစ္စည်း နာရီလေးရတာ တစ်နှစ်ပြည့်ပဲဖြစ်ဖြစ် အဲဒါမျိုးတွေကို အထိမ်းအမှတ်ပွဲလေးလုပ်ပေးပါ။ သူမတို့မိန်းကလေးတွေက ရုတ်တရက် အဲဒီလိုပွဲကလေးနွှဲရတာကို သဘောကျကြတယ်။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၄ နောက်ထပ်လုပ်ဖို့ကောင်းတဲ့ နည်းလမ်းတစ်သွယ်က သူမရဲ့စွမ်းဆောင်မှုနဲ့ပတ်သက်ပြီး ချီးမွမ်းစကား ပြောဆိုပေးမှုပါပဲ။ ထိရောက်တဲ့ ချီးမွမ်းစကားက မင်း သိပ်လှတာပဲဆိုတဲ့ အပေါ်ယံဆန်တာမျိုးထက် သူမရဲ့ အလုပ်ဘဝနဲ့ပတ်သက်တဲ့ စွမ်းဆောင်နိုင်မှု အရည်အချင်းမျိုးကို အသိအမှတ်ပြုချီးမွမ်းမှုမျိုးပါပဲ။ ဥပမာ– မင်း အချိုရည်ကြော်ငြာသစ်ကို ခုလိုနွေရာသီမှာ အချိန်ကိုက်ရအောင် ကောက်နိုင်တာဟာ တကယ့်အစွမ်းပါပဲကွာလို့ ချီးမွမ်းစကားမျိုးဟာ သူမအတွက်တော့ တကယ်ကျေနပ်စရာအတိဖြစ်တာ အသေအချာပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၅၂ တချို့သော စီမံခန့်ခွဲမှုတွေ၊ ဆုံးဖြတ်စရာတွေကို သူမအတွက် အပြည့်အဝပေးထားတာကလည်း လုပ်သင့် လုပ်ထိုက်တဲ့အချက်ပါပဲ။ ဥပမာ– ခင်ပွန်းစိတ်ဝင်စားမှုနည်းတဲ့ အဝတ်အထည်လျှော့ဈေးပွဲတွေလိုမျိုးကို သူက သိပ်စိတ်ဝင်စားနေရင် သူမ အလိုကိုလိုက်ပြီး အစအဆုံး အဖော်လုပ်ပေးပါ။ အိမ်ထောင်ရှင်တွေဖြစ်နေရင် အိမ်အတွက် သူမစဉ်းစားရွေးချယ်ထားတာလေးတွေကို လက်ခံပေးပါ။ သူမရဲ့စိတ်ဝင်စားမှု၊ ရွေးချယ်မှုတွေကို သိမ်ငယ်သွားစေတာမျိုး မပြောမိပါစေနဲ့။

●

www.burmeseclassic.com

www.burmeseclassic.com





**၆** တကယ်လို့များ ခင်ဗျားက သူမအတွက် ထူးထူးခြားခြားလုပ်ပေးတာမျိုးရှိရင် သူမနဲ့ မိသားစု၊ သူမရဲ့သူငယ်ချင်း အသိုင်းအဝိုင်းပါ သိပါစေ။ သူမတို့မိန်းကလေးတွေဆိုတာ အသိုင်းအဝိုင်းတို့၊ ဆွေမျိုးတို့ကို အလေးထားတတ်တယ်။ ခင်ဗျားက သူ့ကိုတန်ဖိုးထားတာ၊ ဂရုစိုက်တာတွေကို သူမလည်း သူ့ပတ်ဝန်းကျင်အထိ သိစေချင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com




**၇** ချစ်မေတ္တာကို ဖော်ပြတဲ့စာ သူမဆီကို ရေးပေးတာကလည်း နည်းလမ်းတစ်ခုပါပဲ။ နေ့စဉ်တွေ့နေကြပေမဲ့၊ ဖုန်းတွေဆက်နေကြပေမဲ့၊ e-mail တွေ အပြန်အလှန်ပို့ကြပေမဲ့ ခင်ဗျားရေးပေးတဲ့ ချစ်တဲ့အကြောင်းစာကိုတော့ သူမက အမြတ်တနိုး သိမ်းထားတတ်တယ်။ မကြာခဏ ရင်ဝယ်ပိုက်ထားတတ်တယ်။ စာနဲ့ ချစ်စကားပြောပြ၊ ရေးပြတာဟာ အမျိုးသမီးထုအတွက်တော့ တကယ်အလေးအနက် မေတ္တာသင်္ကေတ ဖြစ်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




**၇** ခရီးတိုလေးဖြစ်ဖြစ် သူမနဲ့အတူသွားဖို့ စီစဉ်ပါ။ ခရီးသွားတာဟာ ပျော်စရာကိစ္စလို့ လူတိုင်း သဘောပေါက်ကြပြီးဖြစ်ပေမဲ့ သူမနဲ့ ခရီးသွားဖို့ ခင်ဗျားက တကယ်တကယ်ကြွကြွ ဦးဆောင်လုပ်ရှားတာမျိုးကိုလည်း သူမက ကျေနပ်နှစ်သက်တတ်ပါသေးတယ်။ သူမတို့ အမျိုးသမီးတွေက ခရီးထွက်ရင် ပစ္စည်းပစ္စယ၊ ယာဉ်ရထား ကိစ္စကအစ ပူပင်တတ်ကြတာမို့ အဲဒါတွေ အစစ ခင်ဗျားက ဦးစီးစီစဉ်လုပ်ရှားပေးရင် သူမ သဘောကျမှာသေချာပါတယ်။ သူမက အထုပ်အပိုး ပြင်ရုံပဲလေ။

www.burmeseclassic.com

www.burmeseclassic.com




**၄** ခင်ဗျား အမြတ်တနိုးထားတဲ့မိန်းကလေးက သီးခြားလုပ်ငန်းခွင်ကလူဆိုရင် သူ့ အလုပ်ခွင်မှာရှိနေတုန်း အံ့အားသင့်စရာလေးတွေ စီစဉ်ပေးပါ။ ဥပမာ– နေ့လည်စာစားဖို့ ရုတ်တရက် သူမဆီကို ရောက်သွားလိုက်တာမျိုးပေါ့။ သူမတို့လို မိန်းကလေးတွေက မထင်မှတ်ဘဲ ပျော်စရာကြုံတာမျိုးကို သိပ်ကြိုက်တတ်ကြတယ်။ တခြား သူမ အံ့ဩဝမ်းသာစရာကိစ္စမျိုးတွေလည်း ကြံဖန်စီစဉ်ကြည့်ပေါ့။ စိတ်လက်ပေါ့ပါး ပျော်ရတာမျိုး ဖြစ်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၁၀ မိန်းကလေးတွေဟာ လွတ်လပ်မှုကို မြတ်နိုးတတ်ကြတယ်ဆိုပေမဲ့ တချို့တလေသော ဦးစားပေးမှု၊ ဂရုတစိုက်ရှိမှုတွေကိုတော့ သာယာတတ်ကြပါတယ်။ ဒီတော့ ခင်ဗျား တကယ်အမြတ်တနိုးထားသူဆိုရင် အပြင်အပျော်သွားတဲ့အခါ သူ့အတွက် ကားတံခါးဖွင့်ပေးတာ၊ ပိတ်ပေးတာလေးတွေကအစ ဂရုတစိုက်နဲ့ ကြင်နာမှုလေးတွေကို ဖော်ပြပေးတာလေးတွေဟာ လုပ်ကိုလုပ်သင့်တဲ့ နည်းလမ်းလေးတွေ ဖြစ်ပါကြောင်း (၁၀) ချက်မြောက် လက်ဆောင်အဖြစ် ရေးသားလိုက်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

## ❤ အမျိုးသမီးတွေမျှော်လင့်လိုလားကြတဲ့ယောကျ်ားပီသသူဆိုတာ

[10 Ways to be the Man Women Want]

မိန်းကလေးတွေဆိုတာကလည်း တစ်နေ့မှာ ဘယ်လိုလူနဲ့ပဲ ဖူးစာဆုံသည်ဖြစ်စေ၊ သူတို့ရင်ထဲမှာ တော့ တိတ်တဆိတ်သတ်မှတ်ထားတဲ့ ယောကျ်ားပီသသူရဲ့ လက္ခဏာဆိုတာမျိုး ရှိပါတယ်။ ခင်ဗျားဟာ အမျိုးသမီးတွေကို ဆွဲဆောင်မှုရှိသူလို့ ထင်မြင်စေချင်ရင် ပန်းလက်ဆောင်ပေးတာ၊ စားသောက်ဆိုင်မှာ ဖိတ်ကျွေးတာမျိုးလေးတွေနဲ့ ဟန်လုပ်နေလို့မရပါဘူး။ အမျိုးသမီးတွေက စိတ်ဝင်တစားရှိစေတဲ့ ယောကျ်ား ပီသသူဆိုတာမျိုးဖြစ်ချင်ရင် ကိုယ့်ဘာသာ တည်ဆောက်ယူရမှာပါ။ အခု အမျိုးသမီးတွေ သဘောကျတတ်တဲ့ ယောကျ်ားကောင်း လက္ခဏာ (၁၀) ချက်ကို လက်ဆောင်ပါးလိုက်ပါတယ်။ တစ်မျိုးဆန်းအောင် (၁၀) ကနေ (၁) ကို သွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com




## ၁၀ အသာစီးသိပ်မယူနဲ့ အခွင့်အရေးသမား မလုပ်နဲ့

ယောကျ်ားလေးအများစုဟာ အခွင့်အရေးရတာနဲ့ မိန်းကလေးတွေ့တိုင်းကို အခွင့်အရေး ရသလောက်ယူ၊ အမြတ်ထုတ်တာတွေ လုပ်တတ်ကြတယ်။ ကိုယ်က ဒီလိုမဟုတ်ဘဲ ကိုယ့်ဘဝအတွက် တကယ်ရည်ရွယ်သူ၊ အရည်အသွေးပြည့်ဝသူ အမျိုးသမီးတစ်ဦး ပေါ်သာ မေတ္တာစိတ်တည့်မတ်စွာ ထားတတ်သူဖြစ်ကြောင်း သိသာထင်ရှားပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com








## ၉ နေရာတကာ ဝန်းဒိုင်းကြဲမနေနဲ့။

ထစ်ခနဲရှိ စိတ်တို၊ စိတ်ဆိုး၊ ပေါက်ကွဲ၊ ဝုန်းဒိုင်းကြဲသူ လုပ်မပြနဲ့။ ဘာမဆို ကမူးရှူးထိုး စိတ်နောက်ကိုယ်ပါ ဖြစ်တတ်တာက ကလေးဆန်တာ။ ကိုယ်က ရင့်ကျက်သူ၊ တွေးဆတတ်သူ၊ ကလေးမဆန်သူဆိုတာ အမြဲပြသနိုင်ပါစေ။ တည်ငြိမ်ရင့်ကျက်တဲ့ပုံစံက လည်း မိန်းကလေးတွေအတွက် ညို့ငင်အားတစ်ရပ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၉ နေရာတကာ ဝုန်းဒိုင်းကြဲမနေနဲ့။

ထစ်ခနဲရှိ စိတ်တို၊ စိတ်ဆိုး၊ ပေါက်ကွဲ၊ ဝုန်းဒိုင်းကြဲသူ လုပ်မပြနဲ့။ ဘာမဆို ကမူးရှူးထိုး စိတ်နောက်ကိုယ်ပါ ဖြစ်တတ်တာက ကလေးဆန်တာ။ ကိုယ်က ရင့်ကျက်သူ၊ တွေးဆတတ်သူ၊ ကလေးမဆန်သူဆိုတာ အမြဲပြသနိုင်ပါစေ။ တည်ငြိမ်ရင့်ကျက်တဲ့ပုံစံကလည်း မိန်းကလေးတွေအတွက် ညှို့ငင်အားတစ်ရပ် ပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၇ ကိုယ့်မူနဲ့ကိုယ် နေတတ်ပါစေ။

ကိုယ့်ထက် တခြားသူနဲ့ ပိုအချိန်ပေးတဲ့ ကိုယ့်အဖော် အမျိုးသမီးကို ဖျတ်ဖျတ်လူး ပြန်ဆွဲဆောင်ချင်မနေပါနဲ့။ သူ ကိုယ့်နားမနေလည်း ငါ့ဘာသာတစ်ယောက်တည်း "အေးဆေးပေါ့"ဆိုတာမျိုး၊ ပျော်ပျော်ရွှင်ရွှင်နေဘိုင်ပြပါ။ ကိုယ်ပိုင်စတိုင်ရှိသူဟာ ဆွဲဆောင်မှုရှိသူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com






## ၇ ပြောစရာရှိတာ ပြောရဲဆိုရဲစမ်းပါ။

အရမ်းလူတွင်ကျယ်လုပ်တဲ့ပုံစံထိ မရောက်အောင်တော့ထိန်း။ ဒါပေမဲ့ ထက်ထက်မြက်မြက် စွမ်းစွမ်းတမံတော့လုပ်၊ ဘယ်နေရာမဆို ရင့်နှုတ်ပိတ်ငုံ့ခံတတ်သူထက် မဟုတ်မခံပြောစရာရှိတာ ပြောရဲဆိုရဲသူကို မိန်းကလေးတွေက ပိုကြိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၆ ဩဇာအာဏာရှိတာမျိုး ဖြစ်ပါစေ။

ကိုယ့်မှာရှိတဲ့ဩဇာကို အလွယ်တကူ အဆုံးရှုံးခံ အလျှော့ပေးတာမျိုး မလုပ်ပါနဲ့။ ပတ်ဝန်းကျင် ဩဇာ မညောင်းတဲ့ ယောကျ်ားလေးမျိုးကို မိန်းကလေးတွေက မနှစ်သက်တတ်ဘူး။ လူတကာကို လိုက်ပြီးလိုက် လျော့နေသူမဖြစ်စေဘဲ ကိုယ်က ဩဇာအာဏာပေးသူ မျိုးကို သူတို့ ကျေနပ်သဘောကျတတ်တယ်။

●

www.burmeseclassic.com

www.burmeseclassic.com






## ၅ ကိုယ့်ကိုယ်ကိုယ်အားကိုးသူ၊ တာဝန်ယူထိန်းကျောင်းနိုင်သူဖြစ်ပါစေ။

ဘယ်သူ့ရဲ့ အစေစားခံမှုမဖြစ်ဘဲ ကိုယ့်တာဝန် ကိုယ်ယူတတ်သူ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်း လျှောက်လှမ်းနိုင်သူဟာ မိန်းကလေးတွေကို အထူးဆွဲ ဆောင်နိုင်သူပါပဲ။ ကိုယ့်အရည်အချင်းနဲ့ကိုယ် ရပ်တည်သူဖြစ်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## ၄ လိုက်မှီခိုမနေနဲ့

တချို့က မိန်းကလေးတွေကို သိပ်မှီခိုတယ်။ ဘာမဆို နောက်လိုက်ပဲလုပ်ချင်တယ်။ အဲဒါ သိပ်မှားတဲ့စရိုက်ပဲ။ တတ်နိုင်သလောက် ယောက်ျားလေးဖြစ်တဲ့ ကိုယ်က ရှေ့က မားမားမတ်မတ်ရပ်ပြီး ဦးဆောင်ပါ။ တစ်ခါတစ်လေ ကိုယ်က ကိုယ့်အလိုကျသိပ်လုပ်တယ်လို့ မိန်းကလေးက ထင်ရတောင် နောက်ပိုင်းကတော့ သူတို့ နားလည်သွားပြီး ကျေနပ်နေကြပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com




## ၇ တချို့ဟာတွေက ရှက်နေရမှာ မဟုတ်ဘူး

ယောက်ျားတစ်ယောက်အနေနဲ့ ယောက်ျားပီသတဲ့ စိတ်ဆန္ဒမျိုး ပေါ်ပေါက်တတ်တာ အတင်းဖုံးကွယ်နေစရာ မဟုတ်ပါဘူး။ ဖိုမကြားက ရင်ခုန်စိတ်လှုပ်ရှားမှု ရမ္မက်စိတ်ဟာ လူသားပီသမှုပါ။ ဓလေ့ထုံးစံယဉ်ကျေးမှုဘောင်ကို မချိုးဖောက်ဘဲ ပုံမှန်ယောက်ျားလေးတစ်ယောက်ရဲ့ စိတ်ဆန္ဒမျိုးရှိတာကိုလည်း ရှက်စရာလို့ မခံယူပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ၂ ရင့်ကျက်ပါ၊ ကလေးမဆန်ချင်နဲ့။

ယောကျ်ားလေးအများစုရဲ့ ပြဿနာက လူကြီး ထွားနေပြီး အသက်အရွယ်ကလည်း သိပ်မငယ်ဘူး။ ဒါပေမဲ့ ကိုယ်တိုင်က သိပ်မရင့်ကျက်ချင်ဘူး။ မိန်းကလေးတွေကို ဆွဲဆောင်နိုင်တဲ့ ယောကျ်ားလေးတစ်ယောက်ဖြစ်ချင်ရင် ကလေးဆန်ဆန်အမူအရာတွေ ဖျောက်ပေတော့။ ယောကျ်ားပီပီသသ ခံ့ခံ့ညားညားလူကိုမှ သူတို့က နှစ်သက်တယ်။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၁. အချိန်ပေးပြီး အတူနေ

ယောက်ျားလေးတော်တော်များများမှာ ယောက်ျား ပီသမှုဆိုတာ ဘာလဲလို့ မသိတဲ့ကိစ္စက စပြောရမှာပဲ။ တကယ်တော့ ကိုယ်ဟာ ယောက်ျားတစ်ယောက် ဖြစ်နေတာနဲ့တင် မိန်းကလေးတွေရဲ့စိတ်မှာ အသိအမှတ် ပြုမှုဆိုတာ ရှိပြီးသားပါ။ ကိုယ်က နည်းနည်းသတိ ထားရမှာက မိန်းကလေးသဘာဝဟာ ယောက်ျားလေး တွေနဲ့ အတူနေထိုင်စကားပြောဆိုရတာကို ကြိုက် နှစ်သက်တယ်။ ဒီတော့ မိန်းကလေးနဲ့စကားပြောဖို့ သူ့အနားမှာ အချိန်ပေးဖို့က ယောက်ျားတာဝန်ဆိုတာ သိထားဖို့ပဲ။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ❤ တစ်စုံတစ်ယောက်က သင့်ကို မုသား ပြော လိမ်ညာစကားဆိုတဲ့အခါ

ဒီတစ်ခါတော့ လိမ်ညာမုသားပြောသူရဲ့ အလေ့အထလေးတွေကို စုစည်းဖော်ပြထား ပါတယ်။ လက်တွေ့အခြေအနေကလေးတွေနဲ့ ဆက်စပ်ထင်ဟပ် ကြည့်ကြဖို့ပါပဲ။ စီးပွားရေး နယ်ထဲမှာဖြစ်ဖြစ်၊ လူမှုရေးနယ်ထဲမှာဖြစ်ဖြစ်၊ လူငယ်တွေရဲ့ ချစ်မေတ္တာရေး နယ်ပယ်ထဲမှာပဲ ဖြစ်ဖြစ် ဒီအမူအကျင့်လေးတွေကို သတိထား တော့ မမှားနိုင်ဘူးပေါ့။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၁ အသံပြောင်းတတ်တယ်။

လူတစ်ယောက် စကားပြောနေတဲ့အခါ ပုံမှန်မဟုတ်ဘဲ စကားခဏခဏထစ်ငေါ့မယ်၊ လေသံအနိမ့်အမြင့်ပြောင်းနေမယ်ဆိုရင် အဲဒါ သူ လိမ်ညာထားတာတစ်ခုခုရှိနေပြီ။

●

## ၂ ပုံမှန်မဟုတ်တဲ့ ခန္ဓာကိုယ်လှုပ်ရှားမှု လုပ်လိမ့်မယ်။

လူတစ်ယောက်ဟာစကားပြောရာမှာ ခြေထောက်ကို လိုတာထက်ပိုပြီး နန့်နေလှုပ်နေမယ်၊ လက်တွေကထားစရာနေရာမရှိသလို ဂနာမငြိမ်ဖြစ်နေမယ်၊ ပခုံးကို တွန့်မြှောက်တာမျိုး ခဏခဏလုပ်မိနေတတ်မယ်။ လက်ဖဝါးက မျက်နှာ၊ ပါး၊ နှာခေါင်း စတာတွေကို ကိုင်မိနေတတ်တယ်။ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ လူက ဣန္ဒြေမရဘူး။ ဒါဆိုရင် သူ မုသားသုံးနေတာ သေချာပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com





## ၇ စကားသံထဲက မသက်ာစရာ

လူတစ်ယောက်ဟာ တခြားလူစကားတွေကို ဖွတ်အတင်း ဆန့်ကျင်ပြောနေပြီဆိုရင်၊ သူချည်းပဲ ရေပက်မဝင်ပြောနေပြီဆိုရင် ရှေ့စကား နောက်စကားမညီပြောနေပြီဆိုရင် အဲဒါ သူ့မှာ ဖုံးကွယ်ထားတဲ့ မုသားတော့ ရှိနေပြီ။

●

www.burmeseclassic.com

www.burmeseclassic.com





## ၄ လိုတာထက်ပိုပြီး အတိုက်အခံ ပြောနေတဲ့အခါ

လူတစ်ယောက် လိမ်ညာထားတာရှိရင် သူ့ကို မေးတဲ့ပြောတဲ့အခါ လိုတာထက်ပိုပြီး ငြင်းဆန်တဲ့ စကားတွေ ပြောတတ်တယ်။ စကားအကောင်း မေးလည်း ပြန်မဖြေဘူး။ အကန့်စကားပဲ ပြောလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com





## ၅ စကားလမ်းကြောင်း ပြောင်းပစ်ခဲ့ရင်

မှသားပြောဖို့ ကြိုးစားနေသူဟာ ပြောလက်စ အကြောင်းအရာကို သင်က ထားခဲ့ပြီး တခြား အကြောင်းဘက် ကူးပြောင်းပြောတဲ့အခါ အလွယ် တကူလိုက်ပါ လာတတ်ပြီး၊ စကားကို မှန်မှန်ကန်ကန် ပြောသူကတော့ သင် စကားလမ်းကြောင်းပြောင်း ရင်တောင် မူလက စကားစဆီကိုပဲ ရောက်အောင်ပြန်စ လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com





## ၆ ဟာသနဲ့ အထေ့အငေါ့သုံးတတ်တယ်။

အပြစ်လုပ်ထားတဲ့သူဟာ စကားပြောတဲ့အခါ လိုတာထက်ပိုပြီး ဟာသပြောမယ်။ ကျယ်ကျယ်လောင်လောင်လုပ်မယ်။ စကားတွေ ဟိုရောက်ဒီရောက်လုပ်မယ်။ ဟာသလုပ်ပစ်မယ်။ ထေ့ငေါ့စွပ်စွဲတာတွေ ခပ်ရမ်းရမ်းလုပ်တတ်လိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com



## (ဃ) ယောက်ျားလေး လက်စွဲ

♡ အမျိုးသမီးတွေ ရှေ့မှာ သိပ်မှားကြတဲ့ ယောက်ျားလေးတွေရဲ့ အပြုအမူများ

♡ မိန်းကလေးက သင့်ကို သတိရနေစေမယ့် နည်းလမ်းအသွယ်သွယ်

♡ ကိုယ်ဟာ စိတ်ပျက်ဖယ်ခွာစရာ ကောင်းနေသူလား

www.burmeseclassic.com

www.burmeseclassic.com

❤ မိန်းကလေးရှေ့မှာ သိပ်မှားကြတဲ့
ယောကျ်ားလေးတွေရဲ့ အပြုအမူများ

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၁ စင်းလုံးချောလူကောင်း သိပ်လုပ်ပြကြတဲ့ အပြုအမူ


ယောက်ျားလေးအများစုက ကိုယ့်ချစ်သူ၊ ကိုယ် စိတ်ဝင်စားတဲ့ မိန်းကလေးရဲ့ရှေ့ရောက်ရင် ကိုယ့်ကိုယ်ကိုယ် စင်းလုံးချောလူကောင်းပုံစံ သိပ်ဖမ်းပြကြ ကယ်။ သိပ်တော်၊ သိပ်သိ၊ သိပ်တတ်ဆိုတာမျိုးပေါ့။ အဲဒါမျိုးကို မိန်းကလေးတွေက မနှစ်သက်ဘူး။ သဘာဝကျကျ နည်းနည်းပါးပါး ပြဿနာလေးတွေ ဘာတွေနဲ့ အမှားအယွင်းလေးတွေ ဘာတွေနဲ့ရှိနေရမှာ ပေါ့။ ဒါပေမဲ့ အထစ်ထစ်အငေါ့ငေါ့ တလွဲတချော် လူတော့လည်း မဟုတ်ရဘူးပေါ့။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၂ သူကတော့ ငါ့ကို သိပ်ခိုက်နေပြီဆိုတာမျိုး ထင်နေတတ်တဲ့ကိစ္စ

တချို့ယောက်ျားလေးတွေက ကိုယ့်ကိုယ်ကိုယ် ဘာမှန်းညာမှန်းမသိဘဲ တစ်ဖက်သားမိန်းကလေးက တော့ ငါ့ပုံစံငါ့စတိုင်ကို သိပ်ခိုက်နေပြီဆိုတာမျိုး ထင်နေတတ် လုပ်မိတတ်တယ်။ သတိပြုရမှာက သင်ဟာ လီယိုနာဒို ဒီကက်ပရီယိုလည်း မဟုတ်ဘူး၊ ဂျူဒ်လော လည်းမဟုတ်သလို သင် ကျင်လည်လှုပ်ရှားနေတာက လည်း ရုပ်ရှင်ဗီဒီယိုရိုက်နေတဲ့ ရိုက်ကွင်းမဟုတ်ဘူး။ အဲဒီတော့ အားလုံးပုံမှန်အတိုင်းပဲ လုပ်တာကောင်းပါ တယ်။ 'ဘဝင်'ကို မိန်းကလေးတွေက မနှစ်သက် တတ်ပါ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၃ နေရာတကာ သူ့ဆီကသဘောထား တောင်းနေတဲ့အမူအကျင့်

မိန်းကလေးအများစုက အလိုလိုက်ခံရတာ၊ သူ တို့ ဖြစ်စေချင်သလို ဖြစ်တာတွေကို သဘောကျတယ် ဆိုပေမဲ့ သူတို့လိုအပ်တာက ယောက်ျားပီပီသသ ယောက်ျားတစ်ယောက်ပါ။ နေရာတကာ ခြေသုတ် ပုဆိုး မြွေဆွယ်ကျိုးဆိုတာလို အပိုးကျိုးပြရုံမက အသေးအဖွဲလေးကအစ သူ ခွင့်ပြုမှလုပ်တာ၊ သူ့လာ ခွင့်တောင်းနေတာမျိုးဆိုရင် အဲဒီယောက်ျားကို ပစ်ထား ခဲ့တဲ့အခါကျရင်လည်း အံ့သြမနေနဲ့လို့ ပြောရမှာပဲ။

●

www.burmeseclassic.com




## ၄ မိန်းကလေးရဲ့အချစ်ကို လက်ဆောင်ပစ္စည်းနဲ့ ဆွဲဆောင်လို့ရမယ်ထင်တတ်တဲ့ သဘောထား

မိန်းကလေးအများစုက လက်ဆောင်ကို မြတ်နိုးတတ်ကြတယ်။ ဒါပေမဲ့ ချစ်မေတ္တာကိုဝယ်တာ၊ အဝယ်ခံရတာမျိုးတော့ မကြိုက်ဘူး။ ဒါကြောင့် မိန်းကလေးတစ်ယောက်ဆီက ချစ်မေတ္တာကို လိုချင်တဲ့အခါ လက်ဆောင်နဲ့ဆွယ်တာမျိုးထက် ပိုကောင်းတဲ့ ချဉ်းကပ်နည်းကို ဦးနှောက်သုံးပြီး ကြိုးစားကြည့်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com






## ၅ သင့်ရဲ့အားနည်းချက်ယွင်းမှုတွေ ဖွင့်တဲ့ အတင်းရင်ဖွင့်တာမျိုး

လူချင်းမှ ရင်းနှီးမယ်မကြာသေးဘူး။ ပြဿနာတွေ၊ ချွတ်ယွင်းအားနည်းတာတွေထုတ်ပြီး ညည်းညူတာမျိုး ကိုလည်း မိန်းကလေးတွေက စိတ်ပျက်တတ်တယ်။ တဖြည်းဖြည်း ရင်းနှီးကျွမ်းဝင်လာရင် သူတို့ကိုက နှိုက်နှိုက်ချွတ်ချွတ် သိချင်လာမှာပါ။ အဲဒီလိုအခါ မေးလာတော့မှ ရင်ဖွင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com






## ၆ သူတို့စိတ်ထဲမှာ ဘာရှိနေသလဲ နားမလည် တတ်ကြတာမျိုး

မိန်းကလေးတွေရဲ့ စိတ်နေသဘာဝကို အကဲမဖြတ်တတ်တာလည်း သူတို့သဘောမကျတဲ့ကိစ္စတစ်ခုပါပဲ။ သူတို့သဘာဝက အပြင်ပန်းရုပ်ကို မြင်ရုံနဲ့ ယောကျ်ားတစ်ယောက်ကို အကဲဖြတ်တာ ပြီးသွားတာမဟုတ်ဘူး။ အဲဒီလူကို သူတို့ရဲ့စိတ်မှာ ခံစားနိုင်မှ နှစ်သက်တတ်တာမျိုးပါ။

●

www.burmeseclassic.com

www.burmeseclassic.com






## ၇ အဝတ်အစားဝတ်ရာမှာ ရှိုးများလွန်းတဲ့ကိစ္စ

ကိုယ်မေတ္တာရှိနေတဲ့ မိန်းကလေးနဲ့တွေ့ဖို့ ချိန်းဖို့ရှိတိုင်း ပုံမှန်ဝတ်နေကျ သန့်ရှင်းသပ်ရပ်တဲ့စတိုင်ကိုပဲ ဝတ်ဆင်တာက ကောင်းပါတယ်။ သမားရိုးကျထက်ပိုတဲ့ အလှူ့မင်္ဂလာဆောင်တွေမှာ ဝတ်တာမျိုး သိပ်ရှိုးများရာရောက်တဲ့ အဆင်အပြင်မျိုးတွေကို မိန်းကလေးတွေက သဘောမတွေ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၈ အနံ့အသက်ရှိနေရင်လည်း သူတို့က စိတ်ပျက်တတ်တယ်။

ကိုယ်မေတ္တာသက်ဝင်နေတဲ့မိန်းကလေးက ကိုယ့်ကိုငြင်းပယ်တာမခံချင်ရင် ကိုယ့်ဆီက အနံ့အသက်သည်းမခံနိုင်စရာ ထွက်ပေါ်မနေဖို့ကလည်း ဂရုစိုက်ရမယ့် အချက်တစ်ခုပါပဲ။ ယောက်ျားလေးတွေတချို့က တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုမပြုကြတော့ တစ်နေ့ရာမဟုတ်တစ်နေ့ရာက အနံ့အသက်ထွက်နေတတ်တယ်။ မွှေးကြိုင်ဖို့မလိုပေမဲ့ အနံ့မထွက်ဖို့တော့အသေအချာ လိုအပ်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com




## ၉ တခြားမိန်းကလေးတွေကို မျက်စိကစားတဲ့ အပြုအမူ

ဘယ်တော့မှမလုပ်မိဖို့ထပ်သတိပေးမယ်။ ဘယ်တော့မှ မလုပ်မိစေနဲ့။ သင်နဲ့ သင့်ချစ်သူနှစ်ယောက် အတူအလည်ထွက်ချိန်၊ စားသောက်ဆိုင်သွားစားချိန်တွေမှာ ကိတ်ဝင်းစလက်၊ ဂေါင်လီ၊ ဟယ်လီဘယ်ရီ၊ ဂျနီဖာလိုပက်ဇ်၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့် . . . ဘယ်သူတွေကိုပဲတွေ့တွေ့ လုံးဝမကြည့်မိလိုက်စေနဲ့။ လုံးဝငေးမောမျောပါမသွားစေနဲ့။ အဲဒါ မိန်းကလေးတွေ လုံးဝလက်မခံနိုင်တဲ့အကျင့်။

www.burmeseclassic.com

www.burmeseclassic.com




## ၁၀ သူ့ကိုကျော်ပြီး သူများရဲ့အကူအညီကို ယူတာ

သင် အခက်အခဲတွေ့နေတာ တစ်ခုခုဟာ သူ လုပ်ပေးနိုင်ပါလျက် တခြားသူငယ်ချင်းမိတ်ဆွေကို အကူအညီများ သွားတောင်းမိရင် သင်တော့ ဒုက္ခတွေ့ ပြီ။ သူ့ကို အားမကိုးတာ၊ မယုံကြည်တာ၊ မတိုင်ပင် တာဆိုပြီး သူ့ကိုချိန်းဆိုဖို့ကြံတိုင်း ငြင်းပယ်ခံရဖို့ သေချာသွားပြီမို့ လို့ပါပဲ။

ကဲ . . . ဒါတွေဟာ မိန်းကလေးတွေရှေ့ ယောက်ျားများ မှားတတ်ကြတဲ့ အမှားတွေ၊ အပြုအမူ တွေပါပဲ။ ရှောင်နိုင် ရှားနိုင်ကြပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com



## ❤ မိန်းကလေးက သင့်ကို သတိရနေစေမယ့်နည်းလမ်းအသွယ်သွယ်

ဒီစာက မိန်းကလေးတွေနဲ့ဆက်ဆံရေးမှာ အောင်မြင်လိုသူ ယောကျ်ားလေးများအတွက် ရည်ရွယ်ပါတယ်။ အစကတည်းက ကိုယ်ဟာ တခြားတစ်ပါး ယောကျ်ားသားတွေနဲ့ တစ်မူကွဲပြားသူလို့ ထင်မြင်နေအောင် နေထိုင်ပြောဆိုမှ ကိုယ့်မိန်းကလေးရဲ့ စိတ်ဝင်စားမှုရမှာပါ။ ဒါပေမဲ့ ယောကျ်ားလေး ၁၀၀ မှာ ၉၉ ယောက်လောက်က မိန်းကလေးရှေ့ရောက်ရင် အသေးစိတ်လေးကအစ လိုတာထက်ပိုပြီး ဂရုတစိုက်တွေ လျှောက်လုပ်လျှောက်ပြောတော့ အဆင်မပြေတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခုဖော်ပြမယ့် နည်းလမ်းလေးတွေက တော့ သင်သာချိန်ဆပြီး ကိုယ့်အခြေအနေနဲ့ အံဝင်အောင်သုံးမယ်ဆိုရင် ကိုယ်စိတ်ဝင်စားနေ သူ မိန်းကလေးရဲ့ တုံ့ပြန်မှုရစေမှာဖြစ်လို့ သင့် တင့်လျောက်ပတ်စွာ သုံးနိုင်တဲ့ နေထိုင်မှုပုံစံများ အဖြစ် အသုံးဝင်ပါစေလို့ စကားဦးဆိုလိုက်ပါ တယ်။

●

www.burmeseclassic.com

www.burmeseclassic.com





✦ **သူ့စိတ်ကို လှုပ်နှိုးသလိုဖြစ်စေတဲ့ စကားပြောဆိုမှုလေးတွေနဲ့ စကားပြောရာမှာ စတင်လိုက်ပါ။**

ယောက်ျားလေးအများစုရဲ့ ဂန္ထဝင်တွင်တဲ့ အပြုအမူမှားကြီးက မိန်းကလေးတွေနဲ့ ဆုံပြီဆိုရင် "နေကောင်းလား"၊ "မင်း ဘယ်မှာနေလဲ"၊ "မွေးချင်းမောင်နှမက ဘယ်နှယောက်တောင်ရှိတာလဲ"၊ "မောင်တွေ အစ်ကိုတွေပါသေးသလား"ဆိုတာမျိုး ပျင်းရိစရာအပေါင်းကြီးတွေ မေးမြန်းတာမျိုး လုပ်တာ၊ "အခုလာမယ့်နွေရာသီမှာ Global Warming ကြောင့် ပိုပူနိုင်သလား"၊ "လာမယ့်နှစ်မှာ မိုးဦးစောရင် သီးနှံကုန်စည်ဈေးတွေ ဘယ်လိုဖြစ်မယ် ထင်သလဲ"၊

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ရဲ့တိုက်တာ ခြံမြေဈေးကွက် ထောင်တက်နေတာ၊ တချိန်ချိန်မှာ အဲဒီဈေးနှုန်းပူဖောင်း blast ဖြစ်နိုင်သလား" ဆိုတဲ့ ခန့်မှန်းချက် လေတစ်လုံးမိုးတစ်လုံးတွေ ပြောတာမျိုးကို မိန်းကလေးတွေက လုံးဝ စိတ်ပျက်တတ်ပါတယ်။

အများစု စိတ်ဝင်စားတတ်တာက Celebrity gossip ခေါ်တဲ့ မင်းသား၊ မင်းသမီးအဆိုတော်တွေရဲ့ အရှုပ်အထွေး ဖိုမကိစ္စသတင်းမျိုး၊ ကိုယ့်လုပ်ငန်းခွင် ကိုယ့်အနီးအနားက စုံတွဲတွေ၊ အိမ်ထောင်ရှင်တွေရဲ့ သတင်းပလင်းအဖြစ်အပျက်မျိုး၊ ဒါမှမဟုတ် ဟာသ၊ ထိတ်လန့်သည်းဖို၊ ရာဇဝတ်မှုခင်း စတာတွေပါ။ ဒီတော့ ကိုယ့်မိန်းကလေးနဲ့ တွေ့ပြီဆိုရင် သတင်းဦး၊ သတင်းထူးအဖြစ်အပျက်တွေကိုသာ ဦးဆောင်ထူးအောင်ပြောမိပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com






✦ မာမာကျောကျောနဲ့ ပျော့ပျော့ရှင်ရှင်စတိုင်ကို မှုတအောင် ကျင့်သုံးပါ။

ဒီအမူအကျင့် ၂ မျိုးအတွဲက ဆန့်ကျင်ဘက်ဖြစ်ပေမဲ့ တွဲသုံးတတ်ရင် အံ့အားသင့်လောက်အောင် ဆန်းကြယ်တဲ့ ဆွဲဆောင်မှုအားရှိသော နည်းလမ်းကောင်းတစ်မျိုးပါပဲ။

မာမာကျောကျောဆိုတာ စိတ်ကြီးဝင်ပြီး တော်ရုံကိစ္စ ကိုယ်နဲ့တူတန်တယ် မထင်တာမျိုး၊ အဲဒီလို မာနဟန်ပန်မျိုးကို မိန်းကလေးတွေရဲ့ မသိစိတ်က အထင်ကြီး စိတ်ဝင်စားနေတတ်တယ်။ တစ်ဖက်ကလည်း ဟာသအရွှန်းဖောက်ပေးပါ။ မိန်းကလေးတွေက ဟာသကြိုက်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com




ဥပမာ–ရင်ထွားထွား တင်ပါးကြီးကြီး အမျိုးသမီး တစ်ယောက် လမ်းက မုန့်ဆိုင်မှာ လှမ်းတွေ့ရင် "ဟော ဟိုမှာကြည့်စမ်း ဂျနီဖာလိုပက်စ်တစ်ယောက် မုန့်ဟင်းခါး လာစားနေပါလား"ဆိုတဲ့အပြောမျိုးဆိုရင် သူတို့အတွက် ရယ်လည်းရယ်ရ၊ ခေတ်လည်းမီလို့ သင့်ကို သဘောကျလိမ့်မယ်။ သတိထားရမှာက သိပ် ဘဝင်မြင့် ဟန်ဆေါက်လွန်းရင် အမြင်ကပ်စရာကောင်း သွားပြီး ရယ်စရာသိပ်ပြောလွန်းရင် ပေါကြောင် ကြောင်လို့ ထင်သွားတတ်တဲ့ကိစ္စပဲ။ ဒီမာမာကျော ကျောနဲ့ ပျော်ပျော်ရွှင်ရွှင်က သုံးတတ်ရင် ဆေးပါ။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



✦ **ကိုယ့်ယုံကြည်ချက်အတိုင်း ကိုယ်လုပ်သင့်တယ်။**

ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် အာရုံစိုက်ပြီး အလုပ်လုပ်သူကို မိန်းကလေးတွေက တန်ဖိုးထားပါတယ်။ ဒီလိုလူကို သူတို့က သတိတရ အလေးအနက်ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်ပါ။ "ငါဟာ ကိုယ်ပိုင်ယုံကြည်ချက်ရှိတယ်၊ ငါဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တယ်၊ လူတကာကိုလိုက်ပြီး လိုက်လျောနေဖို့ အသက်ရှင်တာမဟုတ်၊ ကိုယ့်မူနဲ့ကိုယ် နေထိုင်တယ်" ဆိုတာမျိုး မကြာခဏ ရွတ်ဆိုလေ့ကျင့်ပါ။


သင်ဟာ အဲဒီလို စိတ်ဓာတ်ပါဝါမြင့်လာပြီဆိုရင် သင့်မိန်းကလေးနဲ့ ဆက်ဆံရေးမှာလည်း ရိုးဖြောင့်တည်ကြည် ကိုယ့်အလုပ်ကိုယ်လုပ်သူအဖြစ် အောင်မြင်မှုရလာပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com





## ✦ သင်ဟာ အချစ်ကို ကိုးကွယ်သူလား၊ ဘဝကို တည်ဆောက်သူလား။

ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ဆုံကြပြီဆိုရင် တော်တော်များများယောက်ျားလေးတွေ သတိမထားမိတဲ့အချက်က မိန်းကလေးတွေဟာ သူတို့ဆုံတွေ့သူကို မသိမသာရော သိသိသာသာပါ အကဲခတ်အမျိုးအစား ခွဲခြားနေတယ်ဆိုတာပါပဲ။ သူ့တို့စိတ်ထဲက ကျိတ်ပြီးခွဲခြားနေတတ်တာက သင်ဟာ အချစ်စိတ်ပဲ မွှန်နေတဲ့သူလား ဘဝကို ခိုင်မာအောင် တည်ဆောက်နေသူလား ဆိုတာမျိုးပေါ့။ တစ်ခါတစ်ရံ မိန်းကလေးဆီက သင်နဲ့တခြားလူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို နိုင်းယှဉ်ပြောတာမျိုးတောင် ထွက်လာတတ်တယ်လေ။

ဒါကြောင့် မိန်းကလေးတွေကို အချစ်အစွမ်းတွေချည်း ပြမနေပါနဲ့၊ ချစ်ကြောင်းတွေချည်း ပြောမနေပါနဲ့။ ညစာဖိတ်ကျွေးတာ၊ လက်ဆောင်ကောင်းကောင်းပေးတာ၊ သင့်ရဲ့လုပ်ငန်းအောင်မြင်မှုတွေကို မြင်တွေ့စေတာတွေနဲ့ သင်ဟာ ဘဝကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်သူဖြစ်ကြောင်း ပြသဖို့လိုပါလိမ့်မယ်။ ဘဝကို တည်ဆောက်သူဆိုရင် မိန်းကလေးတွေက သူတို့ဘဝကိုရော သူတို့အချစ်တွေပါ ပေးတတ်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



✦ **သံသယဖြစ်စရာကြုံရင် တဲ့တိုးမေးခွန်းကသာ အကောင်းဆုံးဆိုတာလည်း သိသင့်တယ်။**

မဟာဗိုသတ္တဝါတွေက တစ်ခုခုပင်ပန်းနေတုန်း မေးစရာပြောစရာကြုံရင် ဒေါ်နဲ့မောနဲ့စကားလုံးကြမ်းကြမ်းနဲ့ဆိုတဲ့ဆဲတဲ့ပုံစံ စကားပြောတတ်ကြတယ်။ မိန်းကလေးအများစုက အဲဒီလိုကြမ်းတမ်းတာကို မနှစ်သက်တာများတယ်။ ဒါကြောင့် မိန်းကလေးနဲ့ စကားပြောရင် သိချင်တဲ့ကိစ္စရှိလို့ကတော့ မျက်ခုံး ၂ ခုကို ပင့်ကွေးပြီး သူတို့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ "ကျွန်တော့် စိတ်ထဲမှာ သေသေချာချာသိချင်နေတာရှိတယ်" ဆိုတာမျိုး အစချီပြီး ပြောစရာကို တဲ့တိုးသာ မေးလိုက်ပြောလိုက်ဖို့ပါပဲ။ သင်ကသာ အဲဒီလို လေးလေးနက်နက် အမူအရာနဲ့ပြောရင် မိန်းကလေးတွေ လျှို့ဝှက်တတ်တဲ့ အသက်တို့၊ အမူအကျင့်တို့ကိုတောင် အဖြေပေးတာ သင်တွေ့ရပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



✦ ဘာမဟုတ်တာလေးတွေကို ညည်းညူမနေပါနဲ့။

မိန်းကလေးရဲ့စိတ်ဝင်စားမှုကို လုံးဝကျဆုံးသွားစေတာကတော့ မကြာခဏ အသေးအဖွဲလေးတွေကအစ တညည်းညည်းတညူညူ လုပ်တတ်တဲ့အလေ့အထပါပဲ။ တစ်ယောက်တည်းသမားမို့ အဆင်မပြေတာတွေ၊ လုပ်သမျှအလုပ်တွေမှာ ကံဆိုးနေတာတွေ၊ အသေးအဖွဲလေးတွေကအစ ခိုညည်းသလို လုပ်နေတာတွေများ နှစ်ဦးစားသောက်ဆိုင်တစ်ခုခုမှာ ဆုံဖြစ်ကြတုန်း သင်ကပြောမိရင် မိန်းကလေးဘက်က စားပွဲထိုးကို Bill လှမ်းတောင်းတာ ခံရလိမ့်မယ်။ သူ ထလစ်တော့မှာလေ။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**✦ အလိုကျစေမယ့် စကားလုံးကိုရွေးပြီး မသိမသာ မြှောက်ပင့်တာမျိုး သိသိသာသာမြှောက်ပင့်တာမျိုး ပြုလုပ်သင့်တယ်။**


ကိုယ်စိတ်ဝင်စားတဲ့မိန်းကလေးက ကိုယ့်အပေါ် တုံ့ပြန်စိတ်ဝင်စားတာကို ဂရုတစိုက်ရှိလာတာမျိုးဖြစ်စေချင်ရင် သူ့ကို မြှောက်ပင့်တာမျိုးလည်း ပြုလုပ်သင့်တာမျိုးပါ။ မိန်းကလေးက ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် အလေးထားဂရုစိုက်ပြီး အကြောင်းတိုက်ဆိုင်သူ့ကို ထောက်ခံအကောင်းပြောပါ။ ကိစ္စတော်တော်များများကိုလည်း ညင်ညင်သာသာနဲ့ မြှောက်ပင့်ပြောပြပေးပါ။ သင့်ကို အဲဒီမိန်းကလေးက စိတ်ဝင်စားတုံ့ပြန်လာမှာ သေချာပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ✦ လက်ကို မြဲမြဲဆုပ်ကိုင်တဲ့အမူအကျင့်ကလည်း

*(ဒီအဆင့်က ခင်မင်ရင်းနှီးမှု အဆင့်တစ်ဆင့်ကို ရောက်နေကြတဲ့ ယောက်ျားလေးနဲ့ မိန်းကလေးကြား မှာမှ လုပ်နိုင်တာမျိုးလို့ ဆိုရပါမယ်။)*

သင်က ခင်မင်ရင်းနှီးသွားလာနေတဲ့ သင့် စိတ်ဝင်စားသူမိန်းကလေးရဲ့လက်ကလေးကို မေတ္တာစကား ဖွင့်ဟမပြောမိခင်ကလည်းက မိမိရရဆုပ်ကိုင်ပြီး လက္ခဏာကြည့်ပေးတာ၊ လက်ချောင်းထိပ်ဖျားကလေးတွေရဲ့ ပုံသဏ္ဌာန်ကို လေ့လာတာမျိုးလေးတွေက မိန်းကလေးအတွက် လုံခြုံနွေးထွေးမှုကို ခံစားရစေတတ်ပါတယ်။ တစ်ခါတစ်ရံမှာ ဒီလို ၂ ဦးကြား သက်သောင့်သက်သာ အခြေအနေလေးတွေကနေ ၂ ဦးသား အဆင့်တွေတက်သွားပြီး လက်တွဲဖော်ခရီးဖော် ဖြစ်သွားကြတာ အများကြီးပါလို့ ပြောလိုက်ပါရစေ။

●

www.burmeseclassic.com

www.burmeseclassic.com

❤ ကိုယ်ဟာ စိတ်ပျက်ဖယ်ရွာစရာ
ကောင်းနေ သူဟုတ် မဟုတ်
ကိုယ်တိုင်စိစစ်ကြစို့

ဒီတစ်ခါတော့ ကိုယ့်အပေါ် ကိုယ့်ရဲ့ အနီးဆုံး လက်တွဲဖော်၊ ချစ်သူ စတဲ့ခရီးဖော်တွေက ဆက်ဆံပြုမူပုံကိုကြည့်ပြီး ကိုယ်ဘယ်အခြေစိုက်ပြီလဲ အကဲခတ်သုံးသပ်နိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။ အကျိုးရှိနိုင်ပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com







**၁** သင် အလေးအနက် တန်ဖိုးထားသူက သင်နဲ့ ခပ်ခွာခွာမှာနေဖို့လုပ်နေပြီဆိုရင် အဲဒါ သတိသာထားပေတော့။ သင့်ဆီမှာ သင် သတိမထားမိတဲ့ အသေးအမွှားပြဿနာအကျင့်ဆိုးတစ်ခုခု သူ မကြိုက်တာရှိနေပြီ။

●

www.burmeseclassic.com

www.burmeseclassic.com






၂ သင့်စကား၊ သင်ပြောသမျှကို နားမဝင်တော့ဘူးဆိုရင် ဒါလည်း သင့်ကို စိတ်ပျက်နေတဲ့ လက္ခဏာတစ်ရပ်ပါပဲ။ သင်က "ဒီမှာ ငါ ပြောပြမယ်"၊ "ကိုယ် တကယ်အလေးအနက်ပြောနေတာပါ"စသဖြင့် စကားတွေချိုနေပေမဲ့ သူက တုတ်တုတ်မျှ မလှုပ်တော့ဘူးဆိုရင် သင် နားလည်ပေတော့။ သူ တကယ်ပဲ သင့်ကို ညစ်နေပြီ။

●

www.burmeseclassic.com

www.burmeseclassic.com





၇ အလုပ်တွေ ရှုပ်ပြနေတတ်တာ၊ အချိန်တိုင်း အလုပ်တွေ များပြားနေတော့တာ၊ ဒါဟာလည်း သင့်အပေါ် အလေးထားမှု လျော့ပါးလာတာကို ပြနေတာပါပဲ။ သူသာ တကယ်အလေးထားရင် သင့်အတွက် ပေးစရာအချိန်ဆိုတာ ရှိကိုရှိနေပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com






၄ လိမ်ညာတာ။ တစ်ခုခု သေးသေးမွှားမွှား လေးပဲ ဖြစ်ဖြစ် ညာပြောတာ။ ဒါဆိုရင် သူဟာ သင့်ကွယ်ရာမှာ သင် မသိစေချင်တာကိုလုပ်ဖို့ အစပျိုးနေပြီ။ အမှန်မပြောဘူးဆိုမှာတော့ သူက သင့် အတွက် ဘယ်မှာအရင်းအချာလို့ ဆိုနိုင်ပါတော့မလဲ နော်။

www.burmeseclassic.com

www.burmeseclassic.com






**၅** အရာရာမှာ သင်က စောင့်ဆိုင်းပေးသလောက် သူ့အလှည့်မှာ သင့်ကို ဂရုတစိုက်မစောင့်တာ။ ဒါကို ပေါ့ပေါ့လေး ယူဆရင်လည်းရပေမယ့် တကယ့်တကယ် အရေးတကြီး တိုင်ပင်ညှိနှိုင်း လုပ်ကိုင်စရာတွေမှာ ဒီလိုမစောင့်တာ၊ ဂရုမစိုက်တာကတော့ လက်တွဲဖော် ၂ ဦးအနေနဲ့ တစ်ကွေ့ကွေ့မှာ လက်တွဲဖြုတ်မယ့် အနေအထားရှိလာတာမျိုးပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com






၆ သင်က သိပ်ရင့်ကျက်လူကြီးဆန် နားလည်ပေးရပြီး ကိုယ်ဖြစ်ချင်တာအတွက် တတွတ်တွတ်ပြောနေရတာ။ အဲဒါမျိုးက အချိန်မရွေး တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲဖို့အခြေအနေကို ရောက်ဖို့ နီးနေတဲ့သဘော။ သင်လိုချင်တဲ့ပုံစံဖြစ်လို့ သိပ်ပုံသွင်းပြောဆိုနေရရင် သူက သင့်ကို သိပ်အလိုမလိုက် မနှစ်မြို့တော့ဘူးဆိုတာ ပြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com






**?** ဂျစ်ကန်ဂျာန်အပြုအမူတွေ ထုတ်ဖော်ပြတာ။ သင်က သူ့ကို သင့်အနီးကဆိုဖာ၊ ကုလားထိုင် ဘာညာမှာ အတင်းဆွဲခိုင်းရင်တောင် သူက ပီကေဝါးပြီး တဖောင်းဖောင်းအသံပြုနေတာ၊ ကလန်ကဆန် အမူအရာနဲ့နေတာ။ ဒါ သေချာပြီ သူ သင့်ကို သိပ်ရင်မခုန်တော့ဘူး။

●

www.burmeseclassic.com

www.burmeseclassic.com






**၈** သင်က သူ့ကို ရှေ့ခရီးအကြောင်း တိုင်ပင်တာမျိုး လုပ်မနေရတော့တာ။ ဆိုပါတော့ သင်နဲ့ သူတို့ရဲ့ အနာဂတ်ခရီးလမ်းမပြောနဲ့ နက်ဖြန် ညနေ ဘယ်ရုပ်ရှင်ကြည့်မလဲ၊ ဘယ်ဆိုင်မှာ ဘာစားမလဲဆိုတာလောက်ကိုပဲ ညှိလို့မရတော့တာမျိုး။ သေချာပြီ သင့်မှာ သူ မကြိုက်တာရှိသွားပြီ။

●

www.burmeseclassic.com

www.burmeseclassic.com






၉ သင်နဲ့သူ ၂ ဦးသား ပူးပူးကပ်ကပ်ရှိချိန်မျိုးမှာ သူက ခပ်တောင့်တောင့်နဲ့ စိတ်မပါသလိုအမူအရာပြတာ။ ဒါ သူ့ဆီမှာ သင့်ထက် ပိုစိတ်ဝင်စားစရာ၊ စိတ်ညစ်စရာ တစ်ခုခုရှိနေတာကို ပြတဲ့လက္ခဏာပဲ။ အဲဒီ အခါ ဇွတ်မဆန်သင့်ပါ။ သတိ။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၁၀ "ရှင်နဲ့ကျွန်မ သေသေချာချာ ပြောရမယ့် စကားရှိနေပြီ"တို့၊ "ဒီကိစ္စ ရှင်နဲ့မဆိုင်ပါဘူး၊ ကျွန်မကိစ္စ၊ ကျွန်မ ကိုယ်ရေးကိုယ်တာပါ" တို့ဆိုတဲ့ စကားတွေ စလာပြီဆိုရင် သင့်အနေနဲ့ ခွဲခွာဖို့ အထုပ်ပြင် ပစ္စည်းသိမ်းတာ အကောင်းဆုံးပဲ ဖြစ်တော့မယ်ထင်ပါရဲ့။ သူက သင့်ကို တော်တော်ကို စိတ်ညစ်နေပြီ။

ဒီလောက်ဆိုရင် နှစ်ဦးသား မခွဲမခွာ နေကြရအောင် ဘယ်လိုပြုမူနေထိုင်ရင်ကောင်းမယ်၊ ဘာတွေကို သတိထားရမယ်ဆိုတာတွေလည်း စဉ်းစားမိမယ်ထင်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com

## (၄) မိန်းကလေး လက်စွဲ

♡ ချစ်သူပျော်ရွှင်စေမယ့် နည်းလမ်းကောင်း (၁၀) ချက်

♡ ချစ်သူက ပစ်ခွာသွားစေမယ့် အချက်(၈)ချက်

♡ မိန်းကလေးတွေ ကြားချင်နေတဲ့ စကား (၇) ခွန်း

♡ မိန်းကလေးတို့ ရှောင်ရန်၊ ဆောင်ရန်

www.burmeseclassic.com

www.burmeseclassic.com

❤ ချစ်သူ၊ ခင်ပွန်းယောကျ်ားကို အံ့အားသင့် ပျော်ရွှင်စေမယ့်နည်းလမ်းကောင်း (၁၀) ချက်

ဒီတစ်ခါတော့ အမျိုးသမီးလို့ ခေါ်ဆိုရမယ့် အရွယ်တွေ၊ မိန်းကလေးလို့ သတ်မှတ်ရမယ့် ဆယ်ကျော်သက်မကတကတွေကို ရည်စူးအကြံပြုတာတွေ ဖော်ပြပေးလိုက်ပါတယ်။ ကိုယ့်ဘဝအတွက် အရေးပါတဲ့ အဖော်အမျိုးသားကို မျှော်လင့်မထားတဲ့ ပျော်ရွှင်ကြည်နူးမှုတွေ ပေးစွမ်းခဲ့ရင် သူက ကိုယ့်အပေါ် တုံ့ပြန်အလေးအနက်ရှိလာနိုင်တာလေးတွေပါ။ ခက်ခက်ခဲခဲတွေ မဟုတ်ဘဲ အချစ်တွေတိုးစေမယ့်နည်းတွေ ဆိုပါတော့။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**၁** သင့်အဖော်အမျိုးသားက ကားဝါသနာပါသူဖြစ်ခဲ့ရင် ကားနဲ့ပတ်သက်ပြီး ဝါသနာရှိတဲ့ ယောက်ျားအများစုက သူတို့ရဲ့ကားတွေကို ရှိုင်းကြ တသသလုပ်နေကြရင်း အချိန်ကုန်တတ်ကြတာ သတိထားမိမှာပေါ့။ အဲဒီလိုအချက်မျိုးကို သင်က အမိအရအခွင့်အရေးယူရပါလိမ့်မယ်။ သူ ကားကို သနေတဲ့အချိန်မျိုးမှာ အမှတ်တမဲ့ သင်က လေ့လာပါ။ သူအလုပ်ကိစ္စနဲ့ ခရီးဝေးထွက်ရချိန် သူ့ကားကို ထားခဲ့ရတဲ့ကာလမျိုးမှာ သင်က သူ့ကားကို သူရှိစဉ်က ဂရုစိုက်တာမျိုး၊ သူ တသသလုပ်တဲ့ကိစ္စတွေကို ကိုယ်က အကောင်းဆုံး လုပ်ကိုင်ပေးထားရပါတယ်။ သူ ခရီးက ပြန်ရောက်တဲ့အခါ သူရှိတုန်းကလို တောက်ပသားနားနေတဲ့ကားကိုတွေ့ရင် အံ့အားသင့်ကျေနပ်သွားရုံမက သူ့ဝါသနာကို အလေးဂရုပြုတဲ့ သင့်အပေါ် ပိုပြီး တန်ဖိုး ထားလာပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၂ ဒုတိယအချက်အနေနဲ့ ပြောမှာက ဇနီး - ခင်ပွန်းတွေကြား ပိုပြီးအံဝင်စေမယ့် အချက်ပါ။ သင့်ခင်ပွန်းက အိမ်မှာ အချိန်အားရှိတဲ့အခါတိုင်း အိမ်ခြံဝင်းထဲက မြက်ခင်းတွေကို တောထမနေအောင် ဂရုတစိုက် ပြုပြင်ကာ ခြံကလေးလှအောင် သနေတတ်သူဆိုပါတော့။ သင်က တစ်နေ့တာ သင့်ရဲ့အိမ်မှုကိစ္စတွေ စောစောပြီးတတ်တဲ့နေ့မျိုးမှာ သူ ဂရုတစိုက်ရှိတတ်တဲ့ မြက်ခင်းနဲ့ ခြံဝင်းကိုဆင်းပြီး သူ့အစား ဂရုစိုက်၊ ရိတ်သင့်တာရိတ်၊ ရှင်းသင့်တာလေးတွေ ရှင်းလင်းပေးထားလိုက်ပါ။ သူ အလုပ်က ပြန်လာတဲ့အခါ သူ ပြုစုထားတဲ့မြက်ခင်းလေး သန့်နေတာ၊ ရှင်းလင်းညီညာနေတာတွေ့ရင် သိပ်အံ့အားသင့် ပျော်ရွှင်သွားပါလိမ့်မယ်။ ဒါ့အပြင် သူကိုယ်တိုင်လည်း သင့်ရဲ့ အိမ်မှုကိစ္စ ဝေယျာဝစ္စတွေကို ဝိုင်းကူလာပြီး အချစ်တိုးလာမှာ အသေအချာပေါ့။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၇ အခုပြောပြမယ့် အချက်ကတော့ ငယ်ရွယ်တဲ့ချစ်သူစုံတွဲတွေကြားမှာ ပိုပြီးအသုံးတည့်နိုင်စရာ ဖြစ်ပါလိမ့်မယ်။ ကိုယ့်ရဲ့အဖော်ကို သူ အာရုံကျတတ်တဲ့ ပစ္စည်းအတိုအထွာလေးတွေ လက်ဆောင်ဝယ်ပေးရမယ့် အစီအစဉ်ပါ။ ဥပမာ–ကိုယ့်လူက ဘောလုံးပွဲနှစ်သက်သူ၊ ဘောလုံးဟီးရိုးကို သဘောကျသူ၊ ဘောလုံးပွဲထဲက ဖြစ်ရပ်တွေကို စိတ်ဝင်စားသူဖြစ်နေရင် Stand Up Speak Up ဆိုတဲ့ အသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေး ကမ္ဘာ့သိအမှတ်အသား ရာဘာလက်ကောက်ကွင်း အဖြူတစ်ကွင်း၊ အနက်တစ်ကွင်း အတွဲလေး ဝယ်ပေးတာမျိုးပေါ့။ တချို့ သီချင်းကြိုက်တတ်သူအတွက်ဆိုရင်တော့လည်း MP3 Player သေးသေးဒီဇိုင်းဆန်းဆန်းကလေးမျိုး လက်ဆောင်ဝယ်ပေးတာမျိုးပေါ့။ သင့်အဖော်က သင်ဝယ်ပေးတဲ့ ပစ္စည်းလေးကို သဘောကျတာနဲ့အမျှ သင့်အပေါ် အကြင်နာတိုးမှာ သေချာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၄ ဒီတစ်ချက်ကလည်း ချစ်သူစုံတွဲတွေအတွက်ပါပဲ။ ချစ်သူစုံတွဲတွေ အားရက်၊ နားရက်တွေမှာ ဘယ်ကိုသွားမယ်၊ ဘယ်တွေလည်မယ်၊ ဘာတွေစားမယ် အစစက အများအားဖြင့် ယောကျ်ားလေးကပဲ စဉ်းစားစီစဉ်ရတတ်တာပါ။ တစ်ခါတလေ သင်က သွားကြည့်မယ့်ဂီတပွဲ၊ သွားစားမယ့်ဆိုင်လှလှ၊ နှစ်ယောက်အတူစားမယ့် ဟင်းပွဲစာရင်းတွေကို ကြိုတင် ဦးဆောင်စီစဉ်ပြီးမှ ချစ်သူကို အသိပေးအတူလည်ကြရင် သင့်ချစ်သူ ယောကျ်ားလေးက သိပ်ပျော်သွားမှာပါပဲ။ ဒီလိုစဉ်းစားစီစဉ်မှုတွေအတွက် သင် ပင်ပန်းရမှုတွေကိုတော့ သင့်ချစ်သူရဲ့ ပခုံးမှာမှီရင်း ကြည်ကြည်နူးနူးဖြေဖျောက်ပေါ့။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**၅.** ရုတ်တရက် မျှော်လင့်မထားချိန်မျိုးမှာ သွားတွေ့လိုက်တာမျိုးလေးတွေကလည်း ကိုယ့်အဖော်အမျိုးသားကို ကျေနပ်မှုရစေတတ်တယ်။ သူ့အလုပ်ခွင်ရဲ့ နေ့လယ်စာစားချိန်မျိုးမှာ သူ့ကို သွားတွေ့ပြီး ရှာတွေ့ထားတဲ့ ကော်ဖီဆိုင်အသစ် သားသားနားနားမှာ သွားထိုင်ကြတာမျိုးတွေက ချစ်သူယောကျ်ားလေး ဝမ်းသာကျေနပ်တတ်ပါတယ်။ မမျှော်လင့်ဘဲ ပျော်ရွှင်ရတာကို မနှစ်သက်သူ မရှိပါဘူး။

●

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဇ နောက်ထပ်ပြောပြမယ့် အချက်တစ်ချက်က ကိုယ့်လူ ကိုယ့်အမျိုးသား စိတ်ဝင်စားတဲ့ စာအုပ်။ ဒါမှမဟုတ် မဂ္ဂဇင်းတစ်မျိုးမျိုးကို လက်ဆောင်ဝယ်ပေးဖို့ကောင်းတဲ့ အကြောင်းပါ။ ဒီလိုပေးလိုက်ရင် သူ့စိတ်ဝင်စားမှုကို ကိုယ်က ဈေးဝယ်အလည်ထွက်တဲ့အခါမှာတောင် အလေးအနက်ရှိရာရောက်တယ်။ ဒါ့အပြင် ဒီစာအုပ် ဒါမှမဟုတ် ဒီမဂ္ဂဇင်းကိုဖတ်ရင်း သူက သင့်ကို သတိရနေမှာပါ။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၇ ကိုယ့်အမျိုးသားက အားကစားဝါသနာပါသူဆိုရင် သူ ဘယ်အားကစားကို အနှစ်သက်ဆုံးလဲ။ စနေ–တနင်္ဂနွေတွေမှာ ဘယ်အားကစားပွဲတွေကိုကြည့်ပြီး အချိန်ဖြုန်းသလဲ သတိထားစူးစမ်းပါ။ သင်က အားကစားပွဲတွေကို ဝါသနာမထုံခဲ့ရင်တောင် သူ စိတ်ဝင်စားတဲ့ အားကစားပြိုင်ပွဲတွေနဲ့ အဲဒီအားကစားနည်းမှာ နာမည်ကျော်သူတွေအကြောင်း အနည်းအကျဉ်းသိအောင် လေ့လာပါ။ ပြီးတော့ စနေ– တနင်္ဂနွေကျရင် သူနဲ့အတူ အားကစားပွဲတွေ အတူထိုင်ကြည့်ရင် သင့်တင့်လျှောက်ပတ်တဲ့ အဲဒီအားကစားပွဲအကြောင်း စိတ်ဝင်စားစရာလေးတွေ သူ့ကို မေးပေးပါ။ သူ့ဆီက တက်ကြွထက်သန်တဲ့ ရှင်းလင်းပြောပြမှုတွေနဲ့ သင့်ကို သူ အဖော်ပြုတာမှန်ကန်တဲ့ ရွေးချယ်မှုပါလားဆိုတဲ့ မျက်ဝန်းထဲက အရောင်တွေကိုပါ တွေ့မြင်ရပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၈ ပန်းပွင့်လှလှ ဒါမှမဟုတ် ပန်းပင်ပါတဲ့ ပန်းအိုးလှလှ သူ့ကို လက်ဆောင်ပေးပါ။ ပန်းပွင့်–ပန်းအိုးကိုလက်ဆောင်ပေးခံရသူဟာ မိန်းကလေးပဲဖြစ်ရမယ်ဆိုတဲ့ ရေးအစဉ်အလာကို သိပ်ဂရုပြုမနေပါနဲ့။ တစ်ခါတစ်ရံ မျှော်လင့်မထားဘဲ ပန်းပင်ကလေးနဲ့ ပန်းအိုး၊ ဒါမှမဟုတ် ပန်းလှလှတစ်စီးလက်ဆောင်ရတဲ့ ယောကျ်ားလေးမှာလည်း စိတ်ထဲကြည်နူးသွားပြီး သူ့ကိုယ်ဟန်အမူအရာကအစ လန်းဆန်းတက်ကြွသွားတာမျိုး တွေ့ရနိုင်ပါတယ်။ ကိုယ့်အမျိုးသား အလုပ်များနွမ်းနယ်နေသလား အကဲခတ်ပြီး ဒီနည်းလမ်းကိုလည်း သုံးကြည့်သင့်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com




ဇ သူ အံ့အားသင့်စေမယ့် နောက်တစ်နည်းတစ်ခုက သူ ကြိုက်နှစ်သက်တတ်တဲ့ Rock Concert တွေ၊ Alternative Music ဂီတပွဲတွေကို သင်က နှစ်ယောက်စာ လက်မှတ်ဝယ်ထားပြီး သူနဲ့အတူ လိုက်ကြည့်ပေးတာမျိုးပါ။ သင်က Rock တွေ၊ Alter တွေမကြိုက်ပေမယ့် သူ့အတွက် တစ်ခါတစ်ရံ ဦးစားပေးတာမျိုးလုပ်ပါ။ ဂီတပွဲတွေထဲမှာ သူက သင်နဲ့အတူ ပျော်ရွှင်နေရတာကို ဝမ်းမြောက်မှာဖြစ်သလို သင်ကိုယ်တိုင်လည်း စိတ်ပါလက်ပါ နားဆင်ပေးတာမျိုးက နှစ်ယောက်သားကျေနပ်ပျော်ရွှင်ဖွယ် ဖြစ်စေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com




**၁၀** အသားကင် barbeque လုပ်တတ်အောင် သင်ယူ လေ့ကျင့်ထားပါ။ ယောက်ျားတွေက ကိုယ့်အိမ်ခြံဝင်းမှာ မိုးအကုန် ဆောင်းအကူး ခြေခင်းလက်ခင်းသာ ရာသီဥတုကလည်း အေးစပြုရင် barbeque ပွဲလေး နွှဲချင်တတ်တယ်။ အဲ အသောက် အစားကလေးတွေလည်း ပါတာပေါ့။ အဲလိုအခါမှာ သူချည်း မီးဖို၊ သူပဲ အသားကင်လုပ်နေရတာထက် သင်က barbeque ကင်ဖို့ အသားတွေ ပြင်ဆင်တာ၊ barbeque ဝင်ကင်ပေးတာမျိုးလေးတွေ လုပ်ပေးသူဖြစ်ရင် သူ ခံတွင်းတွေ့တာကို နားလည်မှုရှိတဲ့ သင့်အပေါ် သူက အသေအချာ အချစ်တိုးစေမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ❤ ချစ်သူယောကျ်ား ပစ်ရှာသွားစေတဲ့အချက် ၈ ချက်

ဒီတစ်ခါတော့ အမျိုးသမီးအများစု ပြုလုပ်မိလေ့ရှိတဲ့ ချစ်သူယောကျ်ားများ စိတ်ညစ်စေသော အလေ့ အထအပြုအမူတွေကို စုစည်းပေးထားပါတယ်။ အိမ်ထောင်ရေး ဘာသပညာရှင် ညာပညာရှင်တွေဆီကမဟုတ်ဘဲ လက်တွေ့ဘဝထဲက ယောကျ်ားအလွှာစုံကို တွေ့ဆုံမေးမြန်းပြီး အရင်းအပတိုင်း ဖောက်သည်ချထားတာပါ။

●

www.burmeseclassic.com

www.burmeseclassic.com



## ၁ မှုယာမာယာ ပျူငှာချိုသာတွေ လက်တွဲတာကြာလာတာနဲ့ အကုန်ပျောက်ဘယ်ဆီတွေရောက်

နှစ်ကိုယ်တူ ချစ်သူဘဝ ချစ်ခါစကတော့ စကားတွေချို၊ ပျားရည်လိုရှိတဲ့ အမူအရာ အပြောအဆိုတွေက လက်တွဲတာကြာတာနဲ့အမျှ (ယောကျ်ားလေးကို အပိုင်ရလိုက်တာနဲ့အမျှ) မိန်းကလေးတွေဘက်က ပျောက်ကွယ်လေ့ရှိတယ်။ စကားမချိုတော့တာ၊ အမူအရာမပျူငှာတော့တာ ကိုကိုတွေက မကြိုက်၊ လှလှပပပြင်ပြင်ပြင်ဆင်ဆင် မလုပ်တော့ဘဲ ပစ္စလက္ခတ်နေတာ မောင်မောင်တွေက မကြိုက်။

●

www.burmeseclassic.com

www.burmeseclassic.com








## ၂ သူတို့တွေကို လွတ်လပ်ခွင့်ဆိတ်သုဉ်းစေတာတွေ လျှော့

ယောကျ်ားလေး တော်တော်များများဟာ ဘဝမှာ စိတ်လွတ်လက်လွတ် နေခဲ့ကြတာ များတယ်။ ယောကျ်ားနဲ့မိန်းမ နှစ်ဦးသား လက်တွဲကြတာနဲ့ မိန်းကလေးတွေက ကိုယ့်လူကို အတင်းတွယ်ကပ်ချည်နှောင်တော့တာပဲ။ တချို့က သူတို့ကို သိပ်တင်းကျပ်လွန်းရင် မကြိုက်ဘူး။ သူတို့ကို လွတ်လပ်ခွင့် နည်းနည်းဖြစ်ဖြစ် ပေးထားမှပျော်တာ။ ကိုယ့်လူ ကိုယ်နဲ့မြချင်ရင် လွတ်လပ်ခွင့်အတိုင်းအဆလေးတော့ သတိရှိပစေ။ အနည်းအပါးလွှတ်ပေးလိုက်ပါ။

●

www.burmeseclassic.com

www.burmeseclassic.com



## ၂ သူတို့တွေကို လွတ်လပ်ခွင့်ဆိတ်သုဉ်းစေတာတွေ လျှော့

ယောက်ျားလေး တော်တော်များများဟာ ဘဝမှာ စိတ်လွတ်လက်လွတ် နေခဲ့ကြတာ များတယ်။ ယောက်ျားနဲ့မိန်းမ နှစ်ဦးသား လက်တွဲကြတာနဲ့ မိန်းကလေးတွေက ကိုယ့်လူကို အတင်းတွယ်ကပ် ချည်နှောင်တော့တာပဲ။ တချို့က သူတို့ကို သိပ်တင်းကျပ်လွန်းရင် မကြိုက်ဘူး။ သူတို့ကို လွတ်လပ်ခွင့် နည်းနည်းဖြစ်ဖြစ် ပေးထားမှပျော်တာ။ ကိုယ့်လူ ကိုယ်နဲ့မြဲချင်ရင် လွတ်လပ်ခွင့်အတိုင်းအဆလေးတော့ သတိရှိပစေ။ အနည်းအပါးလွှတ်ပေးလိုက်ပါ။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၃ လောဘ သတိ၊ သတိ လောဘ

မိန်းကလေးဆိုတာ "အိမ်ထောင်"လို့ စတွေးလိုက်တာနဲ့ ပြည့်ပြည့်စုံစုံ လုံလုံခြုံခြုံ ဟိုဟာဒီဟာ အပေါင်းအသင်း၊ သူငယ်ချင်းနဲ့ ကျိုတ်ပြိုင်လိုက်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေနဲ့ ယှဉ်ကြည့်လိုက် လိုချင်နေတာတွေ ဖြစ်ချင်နေတာတွေ အများကြီးပါပဲ။ သဘာဝပါ။ ဒါပေမဲ့ ကိုယ့်အဖွာနဲ့ကိုယ် ဖြစ်သင့်သလောက်ပဲ တောင့်တပေါ့။ လိုချင်ဖြစ်ချင်တာတွေ အလုံးတငြီးငြီးနဲ့ ယောက်ျားကို တောင်းဆိုနေရင် ယောက်ျားတွေခများ ကြာလာတော့ ထွက်ပြေးချင်စိတ်ပေါက်ရော။

●

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၄ ထုတ်မပြောဘဲ နားလည်စေချင်နေတာမျိုး မလုပ်မိစေနဲ့။

မိန်းကလေး·တချို့က သူတို့စိတ်ထဲရှိတာ သူတို့ခံစားနေရတာတွေကို လက်တွဲဖော်အမျိုးသားက အလိုလိုနေရင်း သိရမယ်၊ သိနေလိမ့်မယ်လို့ မျှော်လင့်ကြတယ်။ *"မင်း ဘာဖြစ်နေတာလဲ"* ဆိုရင် *"ကျွန်မ ဘာဖြစ်နေလဲ ရှင် မသိဘူးလား"* ဆိုတာမျိုး ဘုတောတတ်ကြတယ်။ ယောကျ်ားတွေခမျာမှာလည်း သူတို့အလုပ်မှာ အာရုံစိုက်ရ၊ ကမ္ဘာ့သတင်း၊ အားကစားသတင်းတွေမှာလည်း စိတ်ရောက်ရ၊ အိမ်က မအာ ဘာဖြစ်နေတယ်ဆိုတာ အချိန်တိုင်းတော့ မသိနိုင်ဘူး။ အဲဒီလို နှုတ်က ထုတ်မပြောတာကို မရိပ်မိရကောင်းလား မသိရကောင်းလား မိန်းမက ဖြစ်နေရင် ယောကျ်ားလေးကလည်း အလကားနေရင်း ရစ်နေတယ်၊ ကျိုင်ရှာနေတယ်ဆိုပြီး တဖြည်းဖြည်း ပေါက်ကွဲတဲ့အခြေအနေဆီ ရောက်ကုန်လိမ့်မယ် သတိ။

●

www.burmeseclassic.com

www.burmeseclassic.com



## ၅ အခြားယောက်ျားတစ်ယောက်အကြောင်းကို ပါးစပ်ဖျားက မချပြောနေတာ။

အရေးတကြီး သတိထားရမယ့် အချက်ပါပဲ။ မကြာခဏ သူစိမ်းယောက်ျားတစ်ယောက်နာမည်ကို ထပ်ခါတလဲလဲ ပြောနေတာ၊ ကိုယ့်အမျိုးသားထက် တစ်ပါးသူကို အထင်ကြီးနေတာမျိုး ဘယ်ယောက်ျားကမှ သဘောထားမကြီးတတ်ပါ။ အဲဒီလိုနေရာမှာ ဘယ်လိုယောက်ျား ရင့်မာကြီးဖြစ်စေ ကွဲလွှယ် ရှလွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၆ အလကားနေရင်း ဂရုစိုက်ခံချင်တာမျိုး မလုပ်မိပါစေနဲ့။

အကြောင်းမရှိ အကြောင်းရှာ ကိုယ့်ကို ဂရုစိုက်တာ ခံချင်နေတာ မိန်းကလေးသဘာဝပါပဲ ဆိုပေမဲ့ ယောကျ်ားဖြစ်သူကို အလုပ်ရှုပ်စေတာလား စိတ်ရောကိုယ်ပါ အပန်းဖြေနေလေသလား အကဲမခတ်တော့ဘဲ ကိုယ့်ကိုပဲ တစ်ချိန်လုံး ဂရုစိုက်စေချင်တာမျိုးကတော့ ရေရှည်အတွက် ယောကျ်ားလေးက မိန်းကလေးကို စိတ်ကုန်စေတဲ့အချက်တစ်ချက်ပဲ အသေအချာပါ။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၇ အေးစက်စက် မာခေါက်ခေါက်ကြီး ဖြစ်သွားတာ

နှစ်ဦးသား လက်တွဲကြတာမှ တစ်နှစ်မကြာ မိန်းမတွေက အိမ်မှာ အေးတိအေးစက်ကြီး ဖြစ်သွားကြတာတွေလည်း အများသား။ ယောကျ်ားတွေက ပင်ပင်ပန်းပန်းနဲ့ အလုပ်က ပြန်လာလို့ အိမ်ရောက်ရင် ပျူငှာချိုသာတဲ့ ချစ်သူ့အမူအရာကို မျှော်လင့်ဟယ်။ ဒါပေမဲ့ ကိုယ့်အိမ်သူသက်ထားက အေးစက်စက်ကြီးနဲ့ *"ကဲ... ထမင်းခူးပြီးသား သွားစားတော့"* ဆိုတာမျိုး မကြာခဏဆိုရင်တော့ ယောကျ်ားတွေ အိမ်ကို ရှောင်ပြေးပြီး တခြား ပျော်မရှာတတ်သူတောင် ညဆိုင်း အလုပ်ရှာလုပ်လိမ့်မယ်နော်။

●

www.burmeseclassic.com

www.burmeseclassic.com




## ၇ မလိမ်မိစေနဲ့၊ လိမ်ညာမပြောနဲ့

ယောက်ျားလေးတွေဆိုတာ လိမ်ပြောလိုက်ရင် ရပါတယ်ဆိုတာမျိုး မိန်းကလေးတော်တော်များများက ယူဆလေ့ရှိကြတယ်။ အဲဒါမှားတယ်။ လိမ်ညာပြောသူဟာ စိတ်ပိုင်းဆိုင်ရာအရအလိုလိုတစ်ပန်းရှုံးတယ်။ လိပ်ပြာမလုံဘဲ စိတ်ထဲကထိတ်လန့်နေရတာပဲ။ တချို့က ဒါလေးကတော့ အသေးအဖွဲပါ။ အရေးမကြီးပါဘူးဆိုပြီး ချစ်သူယောက်ျားကို လိမ်ပြောထားတယ်။ အမှန်ပေါ်သွားရင် ကိုယ့်ကို အထင်သေးသွားမှာက တစ်သက်လုံးဆိုတာ သတိပြု။ တကယ်တော့ မုသားဆိုတာ လက်တွဲဖော်နှစ်ဦးကြားမှာတော့ ခါးသက်သက် ပြဿနာမီးပွားပဲ။

●

www.burmeseclassic.com

www.burmeseclassic.com

## ❤ မိန်းကလေးတွေ အမြဲကြားချင်နေတဲ့စကား ၇ ခွန်း

အခုပြောမယ့် အချက်အလက်တွေက ဘယ်အရာ မဆို စိတ်မြန်ကိုယ်မြန် ပြောတတ်၊ ဆိုတတ်၊ နေထိုင်တတ်တဲ့ မိန်းကလေးတွေရဲ့ သဘာဝကို လေ့လာပြီးမှ ပြောထားတာပါ။ မိန်းကလေးတွေနဲ့ အဆင်ပြေပြေ ဆက်ဆံနေထိုင်သွားနိုင်အောင် သိသင့်သိထိုက်တာတွေ ဖြစ်တယ်လို့လည်း ပြောချင်ပါတယ်။ တချို့အချက်ကလေးတွေက မိတ်ဆွေအပေါင်းအသင်း၊ ခင်သူမင်သူတွေကြား ကျင့်သုံးနိုင်တာဖြစ်ပြီး၊ တချို့ကတော့ ချစ်သူရည်းစား၊ ဇနီးမယားတွေကြားမှာ ပြောဆိုဆက်ဆံသင့်တာတွေပါ။ ဘာပဲဖြစ်ဖြစ် ဖတ်သူအတွက် သိသင့်တာလေးတွေဖြစ်မယ်လို့ ထင်ပါတယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**၁** **ဒီကနေ့ ဘယ်လိုလဲ ဆိုတဲ့ နှစ်လိုဖွယ် အမေးစကား။**

ရင်းနှီးတဲ့မိန်းကလေးမိတ်ဆွေကို "မင်း ဒီနေ့ ဘယ်လိုလဲဟင်"လို့ မေးခွန်းလေးတစ်ခု မေးလိုက်တာဟာ ကိုယ့်အတွက် ဘာမှအပန်းမကြီးလှပေမဲ့ အမေးခံရသူအတွက်တော့ သိပ်ကျေနပ်မှုရစေပါတယ်။ ဒါ သူ့အတွက် တစ်နေ့တာ တွေ့ကြုံရတာတွေအကြောင်း ရင်ဖွင့်ခွင့်ရသွားပြီလေ။ တစ်နေ့လုံး သူကြုံလာတဲ့ကိစ္စတွေကို စီကာပတ်ကုံး ပြောပြပါလိမ့်မယ်။ သူ့ဘေးမှာထိုင်ပြီး "ဇာတ်လမ်းပမာ နားဆင်စရာ"တွေကိုလည်း အချိန်ပေး နားထောင်လိုက်ပေတော့။ ဒီလိုသာဆိုရင် သင့်ကို သိပ်နားလည်မှုရှိသူပဲလို့ သတ်မှတ်ပြီး အထူးခင်မင်သွားပါလိမ့်မယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၂ မင်းကိုကြည့်ရတာ သိပ်လှနေတာပဲကွာ ဆိုတာမျိုး ပြောဖြစ်ပါစေ။

ပွဲလမ်းအခမ်းအနားမှာပဲဖြစ်ဖြစ်၊ အပြင်တစ်နေရာမှာပဲဖြစ်ဖြစ် မိန်းကလေးမိတ်ဆွေနဲ့တွေ့ရင် "မင်း ဒီနေ့ သိပ်လှနေတယ်"ဆိုတာမျိုး သေသေချာချာ အကဲခတ်ပြီးပြောဖို့ မမေ့ပါနဲ့။ အထူးသဖြင့် အဝတ်အစား၊ ဆံပင်စတိုင်၊ မျက်ကပ်မှန်ရဲ့အရောင်၊ လက်ကိုင်အိတ်၊ ဖိနပ် စသဖြင့် တစ်ခုခုကို တိတိကျကျရည်ညွှန်းပြောတာမျိုးက ပိုကောင်းတယ်။ တစ်ခုခုကို တိတိကျကျ ရည်ညွှန်းပါဆိုပေမဲ့ ခန္ဓာကိုယ်အချိုးအစား တောင့်တာဖြောင့်တာမျိုးကို သွားပြောမိရင်တော့ သင့်ကို ငြိုငြင်သွားတတ်လို့ သတိထား။

ဒီစကားမျိုးက အံဝင်ခွင်ကျပြောတတ်ရင် အဲဒီမိန်းကလေးနဲ့ ရေရှည်မိတ်ရင်းဆွေရင်း ဖြစ်သွားတတ်တယ်။ ကိုယ့်အပေါ်လည်း ကောင်းမွန်တဲ့တုံ့ပြန်မှု သူကပေးနေမှာပဲ။ သတိနဲ့ နေရာတကျ ပြောတတ်ပါစေ။

●

www.burmeseclassic.com

www.burmeseclassic.com





**၃** **ဒီကိစ္စကို မင်း ဘယ်လိုထင်သလဲ ဆိုတဲ့ ဖိတ်ခေါ် တိုင်ပင်စကား။**

အင်မတန်ရင်းနှီးတဲ့ မိန်းကလေး၊ ဘဝအဖော်၊ ချစ်ဇနီး စသူတွေကို ပြောသင့်တဲ့စကားပါ။ ကိစ္စတစ်ခုခုကို သူ့ဆီက အကြံဉာဏ်၊ သူ့ထင်မြင်ချက်၊ သူ့သဘောထား တောင်းခံလိုက်တာမျိုးက တစ်ဖက်သားရဲ့ ကြင်နာနွေးထွေးမှုကိုပါ ရယူလိုက်သလို ဖြစ်စေတယ်။ သူ စိတ်ကူးထားသမျှ၊ စဉ်းစားပေးနိုင်သမျှ သင့်ကို ထုတ်ဖော်ပြောပြလိမ့်မယ်။ ဒီလို အတိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com




ခံရတဲ့ မိန်းကလေးဟာ သင့်ကို သူ့အပေါ် သိပ်ရင်းနှီး သစ္စာရှိသူလို့ ယူဆမှတ်ယူသွားတတ်တယ်။ တကယ်လို့များ သမီးရည်းစားဘဝမှာ ဒီလိုဖိတ်ခေါ်အကြံယူ ပြောဆိုမှုလေးတွေရှိရင် မိန်းကလေးရဲ့ မျက်စိထဲမှာ သင်ဟာ ပိုချောလာတဲ့သူလို့တောင် ထင်လာတတ်လေရဲ့။ တစ်ခုတော့ ကြိုမှာထားမယ်၊ အကြံဉာဏ်တောင်းခံစကား ပြောမိပြီဆိုရင် အကြံပေးစကား အရှည်ကြီး ကြားရတတ်တာမို့ စကားဖြတ်လို့ မရတတ်ဘူး။ ညသောလုံးပွဲကြည့်စရာရှိတာတို့၊ တခြားသူနဲ့ အလုပ်ကိစ္စ အချိန်းအချက် ရှိတာတို့ ဆိုတဲ့နေ့မျိုးဆိုရင် ဒီစကား မစမိစေနဲ့ဦး။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**၄ မင်းက မင်းအပေါင်းအသင်းတွေထဲမှာ ပိုချောသူတစ်ယောက်ပဲ** လို့ပြောကြည့်ပါ။

ရိုးစင်းပေမဲ့ ဒီစကားမျိုးမကြိုက်တဲ့ မိန်းကလေး ရယ်လို့ ကမ္ဘာပေါ်မှာ မရှိသေးဘူး။ သင်ကသာ ဒီလို ပြောလိုက်ရင် သူ့ကိုယ်သူ လူတကာက နေရာပေး ဝိုင်းကြည့်ခံရသလောက် ယူဆသွားပြီး သင့်ကို ခင်မင် စရာကောင်းသူလို့ မှတ်ယူတော့မှာ သေချာပါတယ်။ မိန်း ကလေးတွေရဲ့စိတ်ထဲမှာ ကိုယ်ဟာ ကိုယ့်သူငယ် ချင်းထက်တော့ တစ်ခုခုသာတယ် ထင်နေတတ်ကြ တာမို့ အဲဒီအတွင်းစိတ်ကိုလည်း ဒီခပ်မြှောက်မြှောက် စကားလေးက ကျေနပ်မှုရစေတတ်တယ်လို့ ဆိုချင်ပါ တယ်။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ၅ မင်းဟာ တကယ့်ကို ပြီးပြည့်စုံသူပါပဲ You're really smart လို့ ပြောတာမျိုး။

အထူးသဖြင့် ဒီစကားကို သူ့ရဲ့စဉ်းစားဆင်ခြင်ဉာဏ်နဲ့ စဉ်းစားတွေးခေါ်တတ်မှုတွေနဲ့ ပတ်သက်ပြီး သုံးနှုန်းသင့်တယ်လို့ ဆိုချင်ပါတယ်။ ဒီလို သူ့အတွေးအခေါ်၊ သူ့လုပ်ရပ်ကို အသိအမှတ်ပြုရင် အဲဒီမိန်းကလေးက ဒီစကားဆိုတဲ့ သူ့ရဲ့လက်တွဲဖော်ကိုလည်း ပြန် ပြီးနားလည်မှုတွေ ပေးနေမှာ သေချာပါတယ်။

မိန်းကလေးဆိုတာ ဖော်ရွေပျူငှာသူ၊ စွမ်းဆောင်နိုင်အားကြီးသူ၊ လူကြီးလူကောင်း ပီသသူယောကျ်ားမျိုးကို နှစ်သက်လေ့ရှိကြပါတယ်။ အဲဒီအထဲမှာ သူ့ရဲ့အတွေးအခေါ်ကို ချီးကျူးတဲ့ ဒီစကားမျိုးလေးနဲ့ ထပ်ပေါင်းလိုက်ရင် သင်ဟာ သူ့အတွက် တကယ့်တခမ်းတနား နေရာထားရမယ့်သူဖြစ်စေမှာ အသေအချာပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**၆ ငါကတော့ ငါ့ဘ၀ကို မင်းနဲ့အတူပဲ လျှောက်လှမ်းချင်တော့တယ်** ဆိုတာမျိုး ပြောသင့်တာလည်း ရှိရဲ့။

ချစ်သူရည်းစား၊ ဇနီးမယားနဲ့ ပြောရမှာပါ။ အပြောခံရသူမိန်းကလေးအဖို့ သိပ်ကြည်နူးချမ်းမြေ့စေမှာ သေချာတဲ့စကားပေါ့။ ဒီစကားနဲ့အလားတူ ပြောနိုင်တာလေးတွေလည်း ရှိတယ်။ *"မင်းကသာ ငါ့ကို စိတ်ချမ်းသာမှု ပေးနိုင်တာပါ"*တို့၊ *"ငါကတော့ ငါ့ဘ၀မှာ မင်းအပြင် တခြားအဖော်ကောင်းဆိုတာ မမြင်ဘူးကွာ"* ဆိုတာမျိုးတို့တွေဟာလည်း နှစ်လိုဖွယ်ကောင်းတဲ့ စကားလေးတွေပါ။

●

www.burmeseclassic.com

www.burmeseclassic.com



## ၇ မင်းရဲ့အပြုအမူတွေက မိခင်ကောင်းတစ်ဦးလိုပါပဲ ဆိုတဲ့စကား

ဒီလိုစကားသံကတော့ သင့်ရဲ့အဖော်မိန်းကလေးအတွက် ဂီတသံလို၊ စမ်းရေစီးသံလိုဖြစ်စေမှာ အသေအချာပါ။ မိန်းမသားတွေဆိုတာ သူ ပြုစုစောင့်ရှောက်စရာ လူသားတစ်ဦးဦးကိုတော့ အမြဲမျှော်လင့်တောင့်တတတ်သူတွေပါ။ သင်ဟာ တကယ်ဆိုရင် ရင်ထဲကခံစားချက်ပါပါ ဒီလိုပြောပေးမယ်ဆိုရင် သင့်ရဲ့အဖော်က စိတ်ကျေနပ်မှုအပြည့်အဝရပြီး အပျော်ဆုံးလူသားတစ်ဦးဖြစ်သွားစေမှာ အမှန်ပဲလို့ ဆိုချင်ပါတယ်။

ချုပ်ပြီးပြောရမယ်ဆိုရင်တော့ . . .

လူတစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ဂရုတစိုက်နဲ့ အဆင်ပြေချောမွေ့တဲ့စကားကိုပဲ ပြောဆိုဖြစ်ကြမယ်ဆိုရင် သာယာတဲ့ပေါင်းသင်းဆက်ဆံရေးအခြေအနေတွေပဲ ဖြစ်ထွန်းမှာပါ။ အရေးကြီးတာကတစ်ဦးနဲ့တစ်ဦးကြား အကျိုးလိုလားမှု မေတ္တာစကားပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com


❤ သင့်အဖော်အမျိုးသားအတွက်
သင့်ဘက်က ဆောင်ရန်၊ ရှောင်ရန်

ဒီတစ်ခါအမျိုးသမီးထုကြီးကိုပဲ သီးသန့်ရည်ရွယ်ပြီး အကြံပြုချက်ကလေးတွေ ဖော်ပြလိုက်ပါတယ်။ လက်တွဲနေတဲ့ မဟာဖိုဝါဒီယောကျ်ားကြီးတွေနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့နည်းလမ်း၊ ပျော်ရွှင်သာယာတဲ့ အချိန်အခါသမယတွေ သင့်ဆီရောက်လာမှာ အသေအချာပါ။

●

www.burmeseclassic.com

www.burmeseclassic.com




**၁** သင် အဖော်ပြုလက်တွဲထားသူကို သင်က ယုံကြည်ရပါမယ်။စိတ်မချဘဲ အမြဲနောက်ယောင်ခံ နေတာတွေ၊ မဟုတ်တာလုပ်ရဲလုပ်ကြည့်စမ်းကွဲ ခနဲနေအောင် ဖမ်းလိုက်မယ်ဆိုတာမျိုးတွေ မလုပ်ဘဲ၊ သင့်ကိုယ်သင် ထိန်းထိန်းသိမ်းသိမ်းနဲ့ သတိထားပြောဆိုပြုမူနေထိုင်ပါ။ သင့်အဖော်မျိုးသားကို စိတ်ဓာတ်တက်ကြွမှုရှိနေအောင် စွမ်းဆောင်ပေးနေရင် သူ့ရဲ့ နမူနာယူလောက်စရာ အရည် အသွေးတွေကနေ သီးပွင့်လာမယ့်ရလဒ်တွေကို သင် ပိုင်ဆိုင်ရမှာ အသေအချာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com




**၂** အမျိုးသားအများစုက သူတို့အားနည်းချက်၊ သူတို့အမှားကို လိုက်ထောက်နေတာမျိုး မကြိုက်ကြဘူး။ အထူးသဖြင့် ပါးစပ်က နားငြီးအောင် ပွစိပွစိလုပ်တာမျိုး သတိပြုဆင်ခြင်ဖို့ပါပဲ။ သင်က စမတ်ကျကျပြုမူနေထိုင်ရမယ်၊ နားလည်မှုပေးရမယ်။ အထိန်းအသိမ်းမရှိ ပြောနေလုပ်နေတာမျိုးက သူ့ကို သင်နဲ့လက်တွဲမိတာ ဟုတ်သေးရဲ့လားဆိုတဲ့ သံသယ အတွေးကို ပေါက်ဖွားစေလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com







**၇** အမျိုးသားတွေကို ကြမ်းတမ်းတဲ့စကားတွေနဲ့ ဆဲရေးတာမျိုးကို ရှောင်ရမယ်။ ဒေါသနဲ့ ပြောမယ့်အစား ညင်သာနားဝင်ချိုတာမျိုးကို ရွေးနိုင်ရမယ်။ သူလုပ်ပေးတာ၊ စွမ်းဆောင်ပေးတာကို လက်ခံပါ။ သင်နဲ့ သင့်အမျိုးသားကြားမှာ အဆင်ပြေသာယာပျော်ရွှင်ရေးက အဓိကအရေးအကြီးဆုံး မဟာဗျူဟာဆိုတာ မမေ့ပါနဲ့။ ခဏတာဒေါသက တစ်ခါတလေ တစ်ဘဝစာလည်း ဖြစ်တတ်လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com






**၄** သူ့အလုပ်၊ သူ့ပညာရပ်၊ သူ့ဝါသနာကို သင်က စိတ်ဝင်စားကြောင်း ပြပါ။ သင့်ရဲ့ အဲဒီလို တစ်ဖက်သားကို ဂရုစိုက်အလေးနက်ထားတဲ့ အပြုအမူက သင့်ကို အများကြီးအကျိုးပြုပါလိမ့်မယ်။ အမျိုးသားကို ဦးနှောက်ခြောက်စရာတွေ သွားမလုပ်ဘဲ သူ့ဆီက အကြံဉာဏ်တောင်းတာမျိုး၊ ခပ်လွယ်လွယ်ကိစ္စတွေ ဖြေရှင်းပေးစေတာမျိုးကို လုပ်ခိုင်းပါ။

●

www.burmeseclassic.com

www.burmeseclassic.com






**၅** အမျိုးသားရဲ့မိဘတွေကို အထူးအလေးပေးပါ။ သင်က သူ့မိဘတွေကို လေးစားအားကိုးတယ်ဆိုတာကိုလည်း မကြာခဏပြောပြပါ။ အရေးအကြီးဆုံးက သင့်အမျိုးသားရဲ့မိခင်ဆိုတာ လုံးဝမမေ့နဲ့။

●

www.burmeseclassic.com

www.burmeseclassic.com






၆ သင့်အမျိုးသားကို အေးအေးဆေးဆေး နားနားနေနေ နေခွင့်ပေးပါ။ သင်မပါလည်း သူ့သူငယ်ချင်းတွေနဲ့ အပြင်ထွက်လည်တာမျိုးကိုလည်း တစ်ခါတစ်ရံ ကြည်ကြည်ဖြူဖြူခွင့်ပေးပါ။

●

www.burmeseclassic.com

www.burmeseclassic.com






? အဖြေရခက်တာမျိုးတွေ သင်က အတင်းအကြပ်လိုက်မေးနေရင်၊ သူ စိတ်ကျဉ်းကြပ်အောင် လုပ်နေရင် သင်ဟာ သိပ်ချောမောလှပသူ ဖြစ်ခဲ့ရင်တောင် သင့်ထက် ရုပ်ဆိုးပြီး သူ့ကို စိတ်ညစ်အောင်မလုပ်သူထံ သူ ရောက်သွားနိုင်တယ်။ သတိ။

●

www.burmeseclassic.com